Australian Government
Attorney-General's Department

# အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်း

ညှိနှိုင်းတိုင်ပင်မှုစာတမ်း

ဇူလိုင်လ ၂၀၂၄

# နိုင်ငံကို အသိအမှတ်ပြုခြင်း

ကျွန်ုပ်တို့သည် ဩစတြေးလျနိုင်ငံ၏ ရိုးရာစောင့်ထိန်းသူများကို အသိအမှတ်ပြုပြီး၊ ၎င်းတို့၏ မြေ၊ ပင်လယ်နှင့် အသိုက်အဝန်းအပေါ် ဆက်စပ်နှောင်ကြိုးကို အသိအမှတ် ပြုပါသည်။ *ယခင်၊ ယခုနှင့် ပေါ်ထွန်းလာမည့် လူကြီးသူမများအား ရိုသေလေးစားမှု ရှိပါသည်။*


© Commonwealth of Australia 2024

နိုင်ငံတော်တံဆိပ်မှလွဲ၍၊ ဤထုတ်ဝေမှုပါ အကြောင်းအရာအားလုံးကို https://creativecommons.org/licenses/by/4.0/legalcode ရှိ Creative Commons Attribution 4.0 International Public License အရ ခွင့်ပြုထားပါသည်။

ဆိုလိုသည်မှာ ဤလိုင်စင်သည် ဤစာတမ်းတွင် သတ်မှတ်ထားသည့်အတိုင်း အချက်အလက်များကိုသာ သက်ဆိုင်ပါသည်။

သက်ဆိုင်ရာလိုင်စင်အခြေအနေများ၏အသေးစိတ်အကြောင်းကို https://creativecommons.org/licenses/by/4.0/legalcode ရှိ CC BY 4.0 လိုင်စင်အတွက် တရားဝင် ကုဒ် အပြည့်အစုံပါရှိသည့်အတိုင်း https://creativecommons.org/ တွင် Creative Commons ဝဘ်ဆိုက်တွင် ရနိုင်ပါသည်။

နိုင်ငံတော်တံဆိပ်
နိုင်ငံတော်တံဆိပ်ကို အသုံးပြုနိုင်သည့် ခွင့်ပြုချက်များကို အောက်ပါတို့တွင် အသေးစိတ်ခွင့်ပြုထားသည်။
ဝန်ကြ ချခ ပ်နှင ် အစု ် ရအဖွ ့ဝဘ်ဆု ၌ https://www.pmc.gov.au/government/commonwealth-coat-arms။

မာတိကာ


ကူညီပံ့ပိုးခြင်း.....5

ဝေါဟာရအသုံးအနှုန်း မှတ်ချက် .....5

အဆိုပြုမှု တင်သွင်းခြင်း.....5

*အွန်လိုင်းစစ်တမ်း သို့မဟုတ် စာရေးတင်သွင်းခြင်း*.....6

*အခြား တိုင်ပင်ဆွေးနွေးမှု လမ်းကြောင်းများ*.....6

ညှိနှိုင်းတိုင်ပင်မှု အချိန်ကာလ .....6

စုံစမ်းမေးမြန်းခြင်း။ .....6

နိဒါန်း .....7

အဓမ္မလက်ထပ်စေခြင်း .....7

ဩစတြေးလျတွင် အဓမ္မလက်ထပ်စေခြင်းအတွက် လက်ရှိ ဖြေရှင်းပုံ.....8

*ပံ့ပိုးဆောင်ရွက်ပေးခြင်း*.....9

ဖြစ်ပွားမှုနှင့် အချက်အလက်များ .....9

*ခံရသူ- ကျော်လွန်လာသူများ၏ အသက်*.....10

ဖြစ်ရပ်ဥပမာများ.....11

ညှိနှိုင်းဆွေးနွေးရန် အဆိုပြုချက်.....13

အပိုင်း ၁ – အဓမ္မလက်ထပ်စေခြင်းအား မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံတစ်ခုအနေဖြင့် မျှဝေခံစားနားလည်မှုတစ်ခုတည်ဆောက်ခြင်းဖြင့် ခံရသူ- ကျော်လွန်လာသူများ၏ မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဝန်ဆောင်မှုလုပ်ငန်းများသို့ ရရှိနိုင်ခွင့်ကို တိုးမြှင့်စေပါသည်.....15

ရယူလိုသော ရလဒ်များ.....15

အကျဉ်းချုပ် .....15

တုံ့ပြန်ချက်အတွက် အဆိုပြုချက် .....16

အပိုင်း ၂ – ပညာရေးနှင့် အသိအမြင်မြှင့်တင်ရေး -ပြုစုပျိုးထောင်ခြင်း.....17

ရယူလိုသော ရလဒ်များ.....17

အကျဉ်းချုပ် .....17

တုံ့ပြန်ချက်အတွက် အဆိုပြုချက် .....17

အပိုင်း ၃ – တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်း.....19

ရယူလိုသော ရလဒ်များ.....19

အကျဉ်းချုပ် .....19

*တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများသည် အဘယ်နည်း။*.....19

*လက်ရှိတွင် မည်သည့် တရားရေးဆိုင်ရာ ကာကွယ်ရေးများ ရနိုင်သနည်း။* .....19

*အစမ္မလက်ထပ်စေခြင်းအတွက် ခိုင်မာသော တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ အဘယ်ကြောင့် လိုအပ်သနည်း။* ....20
တုံ့ပြန်ချက်အတွက် အဆိုပြုချက် ....21
ပိုမိုကောင်းမွန်သော တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများမြှင့်တင်ပေးရာတွင် ရွေးချယ်စရာများ ....21
တိုးမြှင့်ထားသော ပြည်သူ့ကာကွယ်ရေးနှင့် ကုစားမှုများ - အဓိကအင်္ဂါရပ်များ ....24
ပံ့ပိုးမှုရှာဖွေရာတွင် အန္တရာယ်ရှိအချက်များနှင့် အဟန့်အတားများ ....31
ကလေးများအား ပံ့ပိုးခြင်း ....32
နိဂုံး ....32
ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများပေါင်းချုပ် ....33
*ညှိနှိုင်းဆွေးနွေးရန် အဆိုပြုချက်* ....33
*အပိုင်း ၂- ပညာရေးနှင့် အသိအမြင် မြှင့်တင်ရေး* ....33
အပိုင်း ၃ – တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်း ....33
*တုံ့ပြန်ချက်အတွက် အဆိုပြုချက်* ....33
အမိန့်စာများအတွက် အကြောင်းပြချက်များ ....34
အမိန့်စာများ၏ အတိုင်းအတာ ....34
*လျှောက်ထားသူများ* ....34
ဖြေကြားသူများ ....34
ခံရသူ-ကျော်လွန်လာသူ အေဂျင်စီ ....34
တရားစီရင်ရေးဆိုင်ရာ အကာအကွယ်များနှင့် တရားဥပဒေ လုပ်ငန်းစဉ်များမှတဆင့် အကူအညီများ ....34
ကြားဖြတ်အမိန့်နှင့် အခြားဘက်မပါသော ကြားနာပွဲများ ....34
*ဝန်ဆောင်မှုလုပ်ငန်း၊ ဥပဒေတည်မြဲရေး နှင့် ဥပဒေချိုးဖောက်မှုများ* ....35
အခြား ပြုပြင်ရေးများ ....35
*ပံ့ပိုးမှုရှာဖွေရာတွင် အန္တရာယ်ရှိနိုင်သည်များ နှင့် အဟန့်အတားများ* ....35
ကလေးများအား ပံ့ပိုးခြင်း ....35

## ကူညီပံ့ပိုးခြင်း

အဓမ္မလက်ထပ်စေခြင်းသည် စိန်ခေါ်မှုပြဿနာတစ်ခု ဖြစ်ပြီး ဤစာတမ်းကိုဖတ်ခြင်းဖြင့် လူအချို့အတွက် စိတ်ထိခိုက်မှု ပြင်းထန်စွာ ဖြစ်ပေါ် နိုင်ပါသည်။

သင့် ဘေးကင်းရေး၊ အခြားသူတစ်ဦး၏ဘေးကင်းရေးအတွက် လတ်တလော စိုးရိမ်ရပါက သို့မဟုတ် အရေးပေါ်အခြေအနေ ဖြစ်ပါက သုည သုံးလုံး (၀၀၀)သို့ ဖုန်းခေါ်ပါ။

အကယ်၍ သင် သို့မဟုတ် သင်အသိသည် အဓမ္မလက်ထပ်ခြင်းခံရပါက သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရရန် ရှိနေပါက သင်သည် ဩစတြေးလျားအစိုးရရဲတပ်ဖွဲ့ သို့ တိုင်ကြားနိုင်သည် သို့မဟုတ် ၁၃၁ ၂၃၇သို့ ဖုန်းခေါ်ပါ၊ သို့မဟုတ် My Blue Sky ကို ဝဘ်ဆိုက်မှတဆင့်ဖြစ်စေ သို့မဟုတ် ၀၂ ၉၅၁၄ ၈၁၁၅ (တနင်္လာ-သောကြာ နံနက် ၉ နာရီမှ ညနေ ၅ နာရီ၊ ဆစ်ဒနီစံတော်ချိန်) သို့ ဖုန်းခေါ်၍ဖြစ်စေ ဆက်သွယ်နိုင်သည်။ My Blue Sky သည် အဓမ္မလက်ထပ်ခြင်းခံရသောသူများ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရမည်ကို စိုးရိမ်နေသူများအတွက် ဩစတြေးလျနိုင်ငံ၏ နိုင်ငံတော်ဝန်ဆောင်မှုလုပ်ငန်း ဖြစ်သည်။

အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများမှလည်း သင့်အား အကူအညီနှင့် ပံ့ပိုးမှုများ ပေးနိုင်ပါသည် -

- Lifeline (၁၃ ၁၁ ၁၄) – နိုင်ငံတော် အကျပ်အတည်း ပံ့ပိုးမှုနှင့် သေကြောင်းကြံစည်မှု ကာကွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ တစ်ပတ်လျှင် ၇ရက် တစ်ရက် ၂၄နာရီ ဆက်နိုင်သည်
- 1800Respect (၁၈၀၀ ၇၃၇ ၇၃၂) – နိုင်ငံတော် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ အိမ်တွင်းနှင့် မိသားစု အကြမ်းဖက်မှုဆိုင်ရာ အကြံဉာဏ်ပေးခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ တစ်ပတ်လျှင် ၇ရက် တစ်ရက် ၂၄နာရီ ဆက်နိုင်သည်
- 13YARN (၁၃ ၉၂ ၇၆) သည် ဒေသခံကျွန်းသားနှင့် တော်ရီရေလက်ကြားကျွန်းသား အကျပ်အတည်း ပံ့ပိုးမှု ဖုန်းလိုင်း ဖြစ်ပြီး၊ တစ်ပတ်လျှင် ၇ရက် တစ်ရက် ၂၄နာရီ ဆက်နိုင်သည်
- Kids Helpline (၁၈၀၀ ၅၅ ၁၈၀၀) – နိုင်ငံတော် ကလေးများနှင့် လူငယ်များ (အသက် ၅-၂၅ နှစ်အကြား) အတွက် စီစဉ်ပေးသော အကျပ်အတည်း ပံ့ပိုးမှု၊ တစ်ပတ်လျှင် ၇ရက် တစ်ရက် ၂၄နာရီ ဆက်နိုင်သည်။

## ဝေါဟာရအသုံးအနှုန်း မှတ်ချက်

ဤညှိနှိုင်းတိုင်ပင်မှုစာတမ်းတွင် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် လူတစ်ဦးအား အဓမ္မလက်ထပ်စေရန် ရည်ရွယ်သည့် လုပ်ရပ်ကို ကြုံတွေ့ခဲ့ရသူကို ဖော်ပြရန်အတွက် 'ခံရသူ- ကျော်လွှန်လာသူ' ဟူသော ဝေါဟာရကို အသုံးပြုထားသည်။ အဓမ္မလက်ထပ်စေခြင်းကို တွေ့ကြုံခဲ့ရသူများအား ဤစကားလုံးဖြင့် မခွဲခြားနိုင်ကြောင်းကို အသိအမှတ် ပြုပါသည်။

## အဆိုပြုမှု တင်သွင်းခြင်း

ဤညှိနှိုင်းတိုင်ပင်မှုစာတမ်းမှတဆင့် ဩစတြေးလျအစိုးရများ၏ အဓမ္မလက်ထပ်စေခြင်းအပေါ် ဖြေရှင်းလုပ်ဆောင်ချက်များသို့ အသိပေးထင်မြင်သုံးသပ်ချက်များအား အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးမည့် ပုံစံတည်ဆောက်မှုအပါအဝင် ညှိနှိုင်းဆောင်ရွက်မည့် နိုင်ငံလုံးဆိုင်ရာ ပြန်ကြားလွှာမှတဆင့် ဖိတ်ခေါ်ထားသည်။

အထူးသဖြင့် အဓမ္မလက်ထပ်စေခြင်းကြုံတွေ့သူများ၊ အဓမ္မလက်ထပ်စေခြင်း ဖြစ်ပွားမှုရှိသော လူမှုအဖွဲ့အစည်းများ၊ ရှေ့နေများ၊ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးသူများ၊ ပထမဆုံးကြားသိရသူများ၊ လူမှုအဖွဲ့အစည်းများနှင့် တက္ကသိုလ်အသိုင်းအဝိုင်းအပါအဝင် လူမှုအဖွဲ့အစည်းအားလုံးထံမှ တင်ပြပြောဆိုချက်များကို စိတ်ဝင်စားပါသည်။

### *အွန်လိုင်းစစ်တမ်း သို့မဟုတ် စာရေးတင်သွင်းခြင်း*

ဤဆွေးနွေးချက်စာတမ်းကို တုံ့ပြန်သည့်အနေဖြင့် တင်ပြချက်ကို ဖြည့်ဆည်းပေးရန်၊ ဓနသဟာယရှေ့နေချုပ်ဌာန၏ အတိုင်ပင်ခံဌာနသို့ သွားရောက်ကြည့်ရှုပါ ပြီး 'တင်ပြချက်တစ်ခုပြုလုပ်ပါ' ကို နှိပ်ပါ။ ၎င်းသည် ဤစာတမ်းတွင်ဖော်ပြထားသော ဆွေးနွေးတိုင်ပင်မေးခွန်းများနှင့်အတူ အွန်လိုင်းစစ်တမ်းတစ်ခုသို့ သင့်အား ခေါ်ဆောင်သွားမည်ဖြစ်သည်။ မေးခွန်းတိုင်းကို ဖြေဖို့ မလိုပါဘူး။ သင် သို့မဟုတ် သင့်အဖွဲ့အစည်းနှင့် သက်ဆိုင်သော မေးခွန်းများကိုသာ ဖြေဆိုနိုင်ပါသည်။ Consultation Hub မှတဆင့် သီးသန့်တင်ပြချက်ကို အပ်လုဒ်လုပ်နိုင်သည်။

သင်၏အမည်အောက်တွင် သို့မဟုတ် အမည်ဝှက်ဖြင့် သင်၏တုံ့ပြန်မှုကို တင်သွင်းနိုင်သည်။ သဘောတူခွင့်ပြုပါက၊ ညှိနှိုင်းမှုကာလအဆုံးတွင် တုံ့ပြန်ချက်များကို ထုတ်ပြန်ပါမည်။ သင်သဘောမတူပါက သို့မဟုတ် တင်သွင်းမှုကို ထုတ်ဝေခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာ ဥပဒေဆိုင်ရာ ပြဿနာတစ်ခုခုရှိလျှင် ကျွန်ုပ်တို့သည် တုံ့ပြန်ချက်များကို ထုတ်ပြန်မည်မဟုတ်ပါ။ တင်ပြချက်များသည် လွတ်လပ်စွာ သတင်းအချက်အလတ်တောင်းဆိုမှုများ သို့မဟုတ် လွှတ်တော်ထံမှ တောင်းဆိုချက်များအပေါ် မူတည်နိုင်သည်။

တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်မှတစ်ဆင့် မျှဝေထားသော ကိုယ်ရေးကိုယ်တာအချက်အလက်များကို *ကိုယ်ရေးကိုယ်တာအက်ဥပဒေ 1988 (Cth)* နှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ရှေ့နေချုပ်ဌာန၏ ကိုယ်ရေးအချက်အလက်များကို စုဆောင်း သိမ်းဆည်း အသုံးပြုခြင်းဆိုင်ရာ နောက်ထပ်အကြောင်းအချက်အလက်များအတွက် ရှေ့နေချုပ်ဌာန၏ ကိုယ်ရေးလျှို့ဝှက်မှုဝါဒ သို့ ဝင်ရောက်ကြည့်ရှုပါ။

### *အခြား တိုင်ပင်ဆွေးနွေးမှု လမ်းကြောင်းများ*

သင်၏ အဆိုပြုချက်ကို လူကိုယ်တိုင် သို့မဟုတ် ဗီဒီယို သို့မဟုတ် ဖုန်းခေါ်ဆိုမှုမှတစ်ဆင့် ပေးအပ်လိုပါက ForcedMarriage@ag.gov.au သို့ ဆက်သွယ်ပါ။

အင်္ဂလိပ်မဟုတ်သော အခြားဘာသာစကားဖြင့် သင်၏ အဆိုပြုချက်ကို ပေးအပ်လိုပါက ForcedMarriage@ag.gov.au သို့ ဆက်သွယ်ပါ။

သင့်တွင် ရယူသုံးစွဲနိုင်မှုဆိုင်ရာ အခြားလိုအပ်ချက်များရှိပါက၊ ForcedMarriage@ag.gov.au ကို ဆက်သွယ်၍ အသိပေးပါ။

### ညှိနှိုင်းတိုင်ပင်မှု အချိန်ကာလ

ညှိနှိုင်းတိုင်ပင်မှုကို 29/07/2024 တွင် ဖွင့်ပြီး 23/09/2024 တွင် ပိတ်ပါသည်။

### စုံစမ်းမေးမြန်းခြင်း။

သင့်အဆိုပြုချက်အကြောင်း ဆွေးနွေးလိုပါက ForcedMarriage@ag.gov.auသို့ ဆက်သွယ်ပါ။

## နိဒါန်း

အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအား ပိုမို ကာကွယ်နိုင်ရန် ဩစတြေးလျအစိုးရများအားလုံးသည် အတူတကွလုပ်ဆောင်နေပါသည်။ ဤစာတမ်းတွင်ဖော်ပြထားသော အစီအစဉ်များသည် နိုင်ငံတော်၊ ပြည်နယ် သို့မဟုတ် နယ်မြေအစိုးရများ၏အမြင်ကို ကိုယ်စားပြုခြင်း မဟုတ်ပါ သို့မဟုတ် အစိုးရများမှ အရေးယူဆောင်ရွက်မည်ဟု ကတိပြုထားခြင်း မရှိပါ။ ဤညှိနှိုင်းတိုင်ပင်မှုစာတမ်းကို ဖြေကြားချက်များသည်အဓမ္မလက်ထပ်ခြင်း ခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးမည့် ပုံစံတည်ဆောက်မှုအတွက် ဩစတြေးလျ တရားစီရင်ပိုင်ခွင့်အားလုံးမှ နောက်ထပ်လုပ်ဆောင်မှုများကို အကြံပေးပါမည်။

ဩစတေးလျရှိ လူတိုင်းသည် လက်ထပ်ရန် ဆုံးဖြတ်ခွင့်၊ လက်ထပ်ပါက မည်သူနှင့်၊ မည်သည့်အချိန်တွင် လက်ထပ်မည်ကို လွတ်လပ်စွာ ရွေးချယ်ခွင့် ရှိပါသည်။ အိမ်ထောင်မပြုလိုသောအချိန်တွင် တစ်ယောက်ယောက်အား အိမ်ထောင်ပြုစေခြင်းသည် မည်သည့်အချိန်တွင်မဆို လက်ခံနိုင်စရာ မရှိသလို၊ ဩစတြေးလျနိုင်ငံတွင် ရာဇဝတ်မှု ဖြစ်ပါသည်။

ဩစတြေးလျအစိုးရများသည် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများကို အားဖြည့်ပေးနိုင်သော ညှိနှိုင်းဆောင်ရွက်မည့် နိုင်ငံလုံးဆိုင်ရာ ပြန်ကြားလွှာမှတဆင့် အတူတကွ လုပ်ဆောင်ရန် ကတိပြုပါသည်။ အစိုးရများအားလုံးပူးပေါင်းဆောင်ရွက်မှုသည် သာတူညီမျှရှိသော၊ လက်လှမ်းမီနိုင်သော၊ ကျင့်သုံးနိုင်သော စံနမူနာတစ်ခုရရှိရန် အခြေခံအကျဆုံးဖြစ်ပြီး၊ 'ခံရသူ- ကျော်လွှန်လာသူ'များအား ဩစတြေးလျနိုင်ငံမှ အင်အားသုံးဖယ်ရှားခံရခြင်းမှ တားဆီးခြင်းနှင့် လူကြီးကလေးနှစ်ဦးစလုံးအတွက် အကာအကွယ် ပေးဆောင်ခြင်းကဲ့သို့သော အဓမ္မလက်ထပ်စေခြင်း၏ တစ်မူထူးခြားသည့် စိန်ခေါ်မှုများကို ဖြေရှင်းပေးပါမည်။

ပိုမိုကောင်းမွန်သော တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများသည် ဩစတြေးလျ၏ လက်ရှိ အဓမ္မလက်ထပ်စေခြင်းကိုင်တွယ်မှုများကို ပေါင်းစည်းကူညီမည့် တားဆီးကာကွယ်ရေးနည်းသစ်များကို ပံ့ပိုးပေးရန် ရည်မှန်းထားပြီး၊ အောက်ပါတို့ ပါဝင်ပါသည် -

- ဩစတြေးလျအစိုးရ၏ လူကုန်ကူးခံရသူများအတွက် ပံ့ပိုးမှုအစီအစဉ်မှတဆင့် သီးသန့်စီစဉ်ထားသော အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ ပံ့ပိုးမှုလမ်းကြောင်း
- အထူးပြုပံ့ပိုးမှုများအပြင် လူအဖွဲ့အစည်းပညာရေးနှင့် အသိပညာပေးခြင်းကို ဖော်ဆောင်ပေးမည့် အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ အထူးပံ့ပိုးကူညီမှုအစီအစဉ်ကို ၂၀၂၅ခုနှစ်တွင် တည်ထောင်ရန် ဩစတြေးလျအစိုးရ၏ ရန်ပုံငွေအသစ်
- အဓမ္မလက်ထပ်စေခြင်းကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအား ပံ့ပိုးရန် အစီအစဉ်များအား အကောင်အထည်ဖော်ရေးအတွက် ရပ်ရွာ အဖွဲ့အစည်းများအား ရန်ပုံငွေထောက်ပံ့ခြင်း
- အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် Anti-Slavery Australiaမှတဆင့် စီစဉ်ပေးမည့် ဩစတြေးလျနိုင်ငံ၏ သီးသန့် နိုင်ငံတော် ဝန်ဆောင်လုပ်ငန်းဖြစ်သော MyBlueSky။

ဤလုပ်ငန်းသည် လူမှုအဖွဲ့အစည်းလိုအပ်ချက်ကို ပြည့်မီပြီး အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် အားမြှင့်ထားသော တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများကို ပေးဆောင်ရာတွင် ဩစတြေးလျလူထု၏ ပါဝင်မှုသည် အရေးကြီးပါသည်။

## အဓမ္မလက်ထပ်စေခြင်း

အတင်းအကျပ်ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ သို့မဟုတ် လှည့်ဖြား၍ဖြစ်စေ သို့မဟုတ် လက်ထပ်ထိမ်းမြားခြင်း၏ သဘောသဘာဝနှင့် အကျိုးကို နားမလည်နိုင်စွမ်း မရှိသောကြောင့်ဖြစ်စေ သို့မဟုတ် လက်ထပ်ချိန်တွင် အသက် ၁၆နှစ်အောက် ဖြစ်စေ

တစ်ဦးတစ်ယောက်သည် လွတ်လွတ်လပ်လပ်နှင့် အပြည့်အဝ သဘောတူခွင့်ပြုခြင်းမရှိဘဲ လက်ထပ်ရသည့်အခါ အဓမ္မ လက်ထပ်စေခြင်း ဖြစ်ပါသည်။

အဓမ္မလက်ထပ်စေခြင်းသည် မည်သည့် လူ့အသိုင်းအဝိုင်းတွင်မဆို ဖြစ်ပွားနိုင်သည်။ အမျိုးသမီးငယ်များနှင့် မိန်းကလေးများသည် အန္တရာယ်အရှိဆုံးဖြစ်သော်လည်း၊ အသက်မရွေး၊ ကျားမမရွေး၊ လိင်စိတ်မရွေး၊ ထုံးထမ်းစဉ်လာမရွေး သို့မဟုတ် ဘာသာမရွေး လူတိုင်းသည် အဓမ္မလက်ထပ်စေခြင်း ခံရနိုင်သည်။ အဓမ္မလက်ထပ်စေခြင်းကို ဩစတြေးလျနိုင်ငံတွင် ကျွန်ပြုခြင်းကဲ့သို့သော အပြုအမူအဖြစ် သတ်မှတ်သည့်အပြင် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံတစ်မျိုးနှင့် ကျားမအခြေခံအကြမ်းဖက်မှုပုံစံ တစ်မျိုးအဖြစ်လည်း သတ်မှတ်ထားပါသည်။ *အမျိုးသမီးများနှင့် ၎င်းတို့၏ကလေးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေး နိုင်ငံတော်စီမံကိန်း (၂၀၂၂-၂၀၃၂)* တွင် အဓမ္မလက်ထပ်စေခြင်းအား ထည့်သွင်းစဉ်းစားရန် ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ထား ခဲ့သည်)။

အဓမ္မလက်ထပ်စေခြင်းသည် စီစဉ်၍လက်ထပ်ခြင်းနှင့် ဟန်ဆောင်လက်ထပ်ခြင်းများနှင့် ကွဲပြားကြောင်းကို သတိပြုရန် အရေးကြီးပါသည်။ စီစဉ်၍လက်ထပ်ခြင်းများသည် တရားဝင်ဖြစ်ပြီး၊ မိသားစုဝင် သို့မဟုတ် လူမှုအသိုင်းအဝိုင်းဝင်များက အိမ်ထောင်ဖက်ကို မိတ်ဆက်ခြင်း သို့မဟုတ် ရွေးချယ်ခြင်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြပြီး၊ နှစ်ဦးနှစ်ဘက်စလုံးမှ လက်ထပ်ရန် သဘောတူညီကြရမည်။ အတုအယောင်လက်ထပ်ခြင်းအား လိမ်လည်လှည့်ဖြားရန် ရည်ရွယ်၍ နှစ်ဖက်နှစ်ဘက်စလုံးမှ လိုလိုလားလား သဘောတူသောအခါ ဟန်ဆောင်လက်ထပ်ခြင်း ဖြစ်ပေါ်ပါသည်။

## ဩစတြေးလျတွင် အဓမ္မလက်ထပ်စေခြင်းအတွက် လက်ရှိ ဖြေရှင်းပုံ

ဩစတေးလျ၏ အဓမ္မလက်ထပ်စေခြင်းအပေါ် ဖြေရှင်းပုံသည် လူကုန်ကူးမှု၊ ကျွန်ပြုမှုနှင့် အခြားကျွန်ပြုမှုကဲ့သို့သော အစေခံပြုခြင်းနှင့် အဓမ္မအလုပ်များအပါအဝင် ဆိုးရွားသော ခေါင်းပုံဖြတ်မှုပုံစံများကို တိုက်ဖျက်မည့် ဩစတြေးလျအစိုးရ၏ မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ ဤအလေ့အကျင့်များကို စုပေါင်း၍ 'ခေတ်သစ်ကျွန်ပြုခြင်း' ဟု ခေါ်ပါသည်။

အဓမ္မလက်ထပ်စေခြင်းအပါအဝင် ခေတ်သစ်ကျွန်ပြုမှုကို တိုက်ဖျက်ရန် ဩစတြေးလျ၏မဟာဗျူဟာကို ခေတ်သစ်ကျွန်ပြုမှုကို တိုက်ဖျက်ရန် နိုင်ငံလုံးဆိုင်ရာ ဆောင်ရွက်မှုစီမံချက် ၂၀၂၀ – ၂၀၂၅ (နိုင်ငံတော်အဆင့် ဆောင်ရွက်မှုစီမံချက်) တွင် ဖော်ပြထားသည်။ ဤနိုင်ငံလုံးဆိုင်ရာ ဆောင်ရွက်မှုစီမံချက်အတွင်း သီးသန့်ရှိသည့် ကတိကဝတ်တစ်ခုမှာ အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးမည့်ပုံစံ တည်ဆောက်ရန် ဖြစ်ပါသည်။

*နိုင်ငံတော်ရာဇဝတ်ကျင့်ထုံးဥပဒေ ၁၉၉၅* (ရာဇဝတ်ကျင့်ထုံးဥပဒေ) တွင် အဓမ္မလက်ထပ်စေခြင်းကို ရာဇဝတ်မှုကျူးလွန်သည့် ပြစ်မှုများအဖြစ် ပါရှိသည်။ ဤသည်တို့ကို ၂၀၁၃တွင် စတင်အသုံးပြုခဲ့ပါသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေအရ လူတစ်ဦးအား အဓမ္မလက်ထပ်စေရန် ပြုလုပ်ခြင်း သို့မဟုတ် အဓမ္မလက်ထပ်စေခြင်းတွင် ပါဝင်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ပါသည်။ သင်ကိုယ်တိုင် အဓမ္မလက်ထပ်စေခြင်း ခံရသူမဖြစ်ပါက၊ အဓမ္မလက်ထပ်စေခြင်းတွင် ပါဝင်ခြင်းသည် ဆိုသည်မှာ အဓမ္မ လက်ထပ်စေခြင်း ခံရသူဟု သင်သိသောသူ သို့မဟုတ် သင်သံသယရှိသောသူကို လက်ထပ်ရန် သဘောတူခြင်း ဖြစ်ပါသည်။

ဩစတြေးလျနိုင်ငံတော်ရဲတပ်ဖွဲ့ (AFP) သည် ဩစတြေးလျတွင် အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ ပြစ်မှုများအတွက် အဓိက စုံစမ်း စစ်ဆေးရေးဌာန ဖြစ်ပါသည်။ AFP သည် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအား လုံခြုံသောနေရာ၊ ငွေကြေးပံ့ပိုးမှု၊ အကြံဉာဏ်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေအကြံဉာဏ်များအပါအဝင် ပံ့ပိုးမှုများအတွက် လွှဲပြောင်းပေးနိုင်သည်။ ထိုသူက ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှု သို့မဟုတ် တရားစွဲဆိုမှုတွင် ကူညီဆောင်ရွက်ပေးရန် ဆန္ဒ မရှိသော်လည်း ဤအကူအညီများကို ရရှိနိုင်ပါသည်။

### *ပံ့ပိုးဆောင်ရွက်ပေးခြင်း*

ဩစတြေးလျနိုင်ငံအစိုးရမှ ထောက်ပံ့ပေးပြီး- ဩစတြေးလျကြက်ခြေနီအဖွဲ့မှ စီစဉ်ပေးသော လူကုန်ကူးခံရသူများပံ့ပိုးမှုအစီအစဉ် (STPP)မှတဆင့် ပံပိုးပါသည်။ STPP သည် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် ရက်ပေါင်း ၂၀၀အထိ ထိထိရောက်ရောက် ပံ့ပိုးပေးပါသည်။ ယခုလောလောဆယ်ဆယ်တွင် AFPသည်သာ ထိုသူများအား STPP သို့ လွှဲပြောင်း ပေးနိုင်သည်။ သို့သော်လည်း၊ ၂၀၂၄နှစ်လယ်တွင် STPP သို့ နောက်ထပ် လွှဲပြောင်းပေးသည့်လမ်းကြောင်းကို တည်ထောင်ပါမည်။ ဆိုလိုသည်မှာ AFP နှင့် ဆက်သွယ်ရန် မလိုဘဲ၊ ခံရသူများ- ကျော်လွှန်လာသူများသည် လူမှုအဖွဲ့အစည်း ဝန်ဆောင်မှု လုပ်ငန်းပေးသူမှတစ်ဆင့် STPP သို့ ရောက်ရှိနိုင်ခြင်း ဖြစ်ပါသည်။ ပွင့်လင်းမြင်သာစွာ ထောက်ပံ့မှု ရွေးချယ်ခြင်း အပြီးတွင်၊ Salvation Army သည် အပိုထပ်ဆောင်း လွှဲပြောင်းမှုလမ်းကြောင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်အထိ အကောင်အထည်ဖော်ရန် ရွေးချယ်ခံခဲ့ရသည်။ ၎င်းတို့သည် ပြည်နယ်နှင့် နယ်မြေတစ်ခုစီတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခံရသူများ- ကျော်လွှန်လာသူများ၏ STPP ရရှိနိုင်ခွင့်ကို စစ်ဆေးမည်ဖြစ်ပြီး၊ ရုံးချိန်ပြင်ပတွင်စစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် ဝဘ်ဆိုက်နှင့် သတင်းပို့ခြင်း ဝန်ဆောင်မှုလုပ်ငန်း ရရှိပါမည်။

ဩစတြေးလျအစိုးရသည် ၂၀၂၅ခုနှစ် ဇန်နဝါရီလတွင် စတင်မည့် နိုင်ငံလုံးဆိုင်ရာ အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ အထူးပံ့ပိုးကူညီမှု အစီအစဉ်ဖြစ်သည့် Forced Marriage Specialist Support Program (FMSSP) ကို တည်ထောင်ရာတွင် ၅နှစ်ကာလအတွင်း ဒေါ်လာ ၁၂.၁သန်း ပံပိုး ပေးပါမည်ဟု ကတိပြုထားသည်။ FMSSP သည် လိုအပ်ပါက အကြံဉာဏ်ရယူရန်နှင့် အရေးပေါ်နေရာချထားရေးများအပါအဝင် အစီအစဉ်သုံးစွဲသူများ၏ ကျန်းမာရေး၊ ကျန်းမာပျော်ရွှင်ရေး၊ ပစ္စည်းလိုအပ်ချက်နှင့် လူမှုရေးလိုအပ်ချက်များအား ပြည့်မီစေရန် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူများ၏ တစ်ဦးချင်းအလိုက် လိုအပ်မှုအခြေခံသော တားဆီးကာကွယ်ရေးနှင့် စောစောကြားဝင်ကူညီရေး ပံပိုးမှုကို ပေးအပ်သွားပါမည်။ FMSThe FMSSP တွင် 'တံခါးမမှားပါဘူး' အစီအစဉ်တစ်ခု ရှိမည်ဖြစ်ပြီး၊ အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူများ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများ ဤအစီအစဉ်ကို လူမှုအဖွဲ့အစည်းအတွင်းရှိ ‘လွယ်ကူသောဝင်ရောက်ရန်’ နေရာများမှ ဝင်ရောက်သုံးစွဲနိုင်မည် ဖြစ်သည်။ FMSSP တွင် ဩစတြေးလျရှိ လူမှုအဖွဲ့အစည်းများနှင့် နီးကပ်စွာ လုပ်ဆောင်မည့် ရပ်ရွာပညာရေးနှင့် အသိအမြင်တိုးပွားမှု မြှင့်တင်ရေး ပဏာမအဆင့်များလည်း ပါဝင်မည် ဖြစ်သည်။

FMSSP တည်ထောင်ခြင်းနှင့်အတူ ပူးတွဲဆောင်ရွက်ရန်အတွက် ဩစတြေးလျအစိုးရသည် Anti-Slavery Australia မှ စီစဉ်မည့် Speak Now အစီအစဉ်ကို တိုးချဲ့ရန် ဒေါ်လာ ၂.၂သန်း ပံ့ပိုးမည်ဖြစ်ပြီး ပညာရေး၊ အသိအမြင်တိုးပွားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အဓမ္မလက်ထပ်စေခြင်း ကာကွယ်ရေးအစီအစဉ်များကို ဆက်လက်လုပ်ဆောင်ပါမည်။

## ဖြစ်ပွားမှုနှင့် အချက်အလက်များ

### *တိုင်ကြားစာအရေအတွက်*

AFP ရှိ အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ တိုင်ကြားစာ အရေအတွက်သည် ခေတ်သစ်ကျွန်ပြုမှု တိုင်ကြားစာများ၏ ကြီးမားသောအပိုင်း ဖြစ်ပါသည်။ အဓမ္မလက်ထပ်စေခြင်းသည် မကြာခဏဆိုသလို မသိသာနိုင်ပြီး တိုင်ကြားမှု နည်းပါးသည့်အပြင် တွေ့ရှိမှု နည်းပါး နိုင်ပါသည်။ ခံရသူ-ကျော်လွှန်လာသူများသည် မကြာခဏ ငယ်ရွယ်ကြပြီး ရှေ့တန်းထွက်လာ၍ တိုင်ကြားရမည်ကို ကြောက်ရွံ့ နေကြသည်။ အကျပ်ကိုင်ခြင်းနှင့် ထိန်းချုပ်ခြင်းသည်လည်း ခံရသူ- ကျော်လွှန်လာသူများအား အကူအညီရှာခြင်းမှ တားဆီး နိုင်ပါသည်။ ဩစတေးလျတွင် ခေတ်သစ်ကျွန်ပြုမှု၏ ခံရသူများ- ကျော်လွှန်လာသူများငါးဦးတွင် တစ်ဦးမျှသာ တွေ့ရှိကြောင်း သုတေသနပြုချက်များအရ သိရှိထားပါသည်။

**ဇယား 1- AFP မှ ၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၂၃ဘဏ္ဍာရေးနှစ်အထိ (၅ နှစ်) အကြား ခေတ်သစ်ကျွန်ပြုမှု တိုင်ကြားမှုများ**

| | ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် | ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ် | ၂၀၂၀-၂၁ ဘဏ္ဍာရေးနှစ် | ၂၀၂၁-၂၂ ဘဏ္ဍာရေးနှစ် | **၂၀၂၂-၂၀၂၄ ဘဏ္ဍာရေးနှစ်** |
|---|---|---|---|---|---|
| **အဓမ္မလက်ထပ်စေခြင်း** | ၉၅ | ၉၂ | ၇၉ | ၈၄ | **၉၀** |
| **ခေတ်သစ်ကျွန်ပြုမှု တိုင်ကြားစာစုစုပေါင်း** | ၂၂၀ | ၂၂၃ | ၂၂၄ | ၂၉၄ | **၃၄၀** |

*ခံရသူ-ကျော်လွန်လာသူများ၏ အသက်*

AFP သို့ တိုင်ကြားစာအများစုတွင် အသက် ၁၈နှစ်အောက် ခံရသူ-ကျော်လွန်လာသူများ ပါဝင်ပြီး အများစုမှာ အသက် ၁၆နှစ်အောက်များ ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ၊ အစီရင်ခံစာများ၏ ၅၆% သည် အသက် ၁၈နှစ်အောက် ခံရသူ-ကျော်လွန်လာသူများပါဝင်ပြီး၊ အသက် ၁၆နှစ်အောက် ၃၁% နှင့် ၁၆-၁၈နှစ်ကြား ၂၅% ပါဝင်သည်။

**ဂရပ် ၁- အဓမ္မလက်ထပ်စေခြင်းတိုင်ကြားစာများ - တိုင်ကြားချိန်ရှိ ခံရသူ-ကျော်လွန်လာသူ အသက် (၅နှစ် ခွဲခြမ်းစိတ်ဖြာမှု)**




*မှတ်ချက် - ဤစာရင်းဇယားများသည် ဖြစ်ပွားခဲ့သည့် ပြစ်မှုများအတွက် တိုင်ကြားစာများနှင့် ဆက်နွယ်နေပြီး၊ ကျူးလွန်ခဲ့သည့် ပြစ်မှုများ၊ ကျူးလွန်ရန် ကြိုးပမ်းမှုများနှင့် ဖြစ်ပွားနိုင်စေသည့် ပြစ်မှုများနှင့် သက်ဆိုင်ပါသည်။*

ဖြစ်ရပ်ဥပမာများ

အောက်ဖော်ပြပါ ဇာတ်လမ်းများသည် လူအချို့အား အဓမ္မလက်ထပ်စေသည့် နည်းလမ်းအချို့ကို ဥပမာ ပြထားပါသည်။ ဤအရာများသည် တကယ့်ဖြစ်ရပ်မှန်များမှ ထုတ်နုတ်ထားသော စိတ်ကူးယဉ်ဥပမာများ ဖြစ်ပါသည်။

**ဖြစ်ရပ်ဥပမာ**

ယာစမင်သည် အသက် ၁၅နှစ်အရွယ် ဩစတြေးလျ နိုင်ငံသား ဖြစ်ပါသည်။

ယာစမင်သည် သူ၏ မိဘများ ဩစတြေးလျတွင် ရှိနေစဉ် သူ၏ အဘိုးအဘွားများကို သွားရောက်လည်ပတ်ရန် နိုင်ငံရပ်ခြားသို့ ခရီးထွက်ခဲ့သည်။ ဤခရီးစဉ်တွင် သူ့ထက် အသက် ၂၀နှစ်ခန့် ကြီးသော သူ့ဝမ်းကွဲအကိုနှင့် လက်ထပ်ရန် သူ့မိဘများက စီစဉ်ထားကြောင်း မကြာခင်မှာ သိလိုက်ရပါသည်။ ယာစမင်က သူသည် အိမ်ထောင်မပြုချင်ကြောင်း မိဘများအားပြောသော်လည်း၊ မိဘများက ၎င်းတို့၏ မိသားစုနှင့် အသိုင်းအဝိုင်းအတွက် လက်ထပ်ခြင်း၏အရေးကြီးပုံကို အလေးပေးကာ လက်ထပ်ရမည်ဟု မလျှော့တမ်း ပြောနေပါသည်။

သူ၏ ဆွေမျိုးများက ယာစမင်၏ နိုင်ငံကူးလက်မှတ်အား သိမ်းထားပြီး၊ ယာစမင်၏ မွေးရပ်မြေ သူအကျွမ်းတဝင်မရှိသော နေရာရှိ အမျိုးတစ်ဦး၏အိမ်သို့ ပြောင်းရွှေ့ထားသည်။ သူ့ကို အိမ်အပြင်ထွက်ခွင့် မပေးသလို မိဘများ ဖုန်းဆက်ချိန်မှလွဲ၍ ဖုန်းအသုံးပြုခွင့်လည်း မပေးထားပါ။

တစ်နေ့တွင် ယာစမင်၏မိဘများက သူတို့ ရွေးချယ်ထားသောယောကျ်ားနှင့် လက်ထပ်ရန် သဘောတူပါက ဩစတေးလျသို့ ပြန်လာနိုင်ပြီး ကျောင်းပြန်တက်နိုင်ကြောင်း ဖုန်းဆက်ပြောသည်။ ယာစမင်က ထိုယောကျ်ားကို လက်ထပ်ရန် သဘောတူကြောင်း သူ့မိဘများအား ပြောပြသည်၊ သို့သော် ဖုန်းချသောအခါ ဩစတေးလျရှိ သူငယ်ချင်းတစ်ဦးထံ အမြန်ဆက်သွယ်ခဲ့ပြီး ယခု အဖြစ်အပျက်များနှင့် သူ လက်မထပ်လိုကြောင်း ရင်ဖွင့်ခဲ့သည်။ သူဘယ်မှာရှိမှန်း မသိသလို အကူအညီမည်သို့ ရနိုင်မည်ကိုလည်း မသိကြောင်း သူ့သူငယ်ချင်းကို ပြောပြသည်။ သူ၏သူငယ်ချင်းသည် အကူအညီနှင့် အကြံဉာဏ်များရယူရန် ဒေသခံလူထု အဖွဲ့အစည်းကို ဆက်သွယ်ခဲ့သည်။

**ဖြစ်ရပ်ဥပမာ**

ဆမ်သည် အသက် ၂၀နှစ်အရွယ် လိင်တူစိတ်ရှိ ယောကျ်ားတစ်ဦး ဖြစ်သည်။ သူသည် သူ့ရည်းစားဖြစ်သူ ကောင်လေးနှင့် လျှို့ဝှက် တွဲနေသည်မှာ နှစ်နှစ်ရှိပြီ ဖြစ်သည်။

ဆမ်၏မိဘများသည် ရှေးရိုးအစဉ်အလာသမားများ ဖြစ်သည်။ ဆမ်သည် သူ့မိဘများကို အရမ်းဂရုစိုက်ပြီး သူ့ရည်းစားကို မိဘများ သဘောမတူမည်ကို စိုးရိမ်နေသည်။

တစ်နေ့တွင် ဆမ်၏ဦးလေးက ဆမ်အား သူ့ချစ်သူနှင့်အတူ တွေ့သွားပြီး သူ့မိဘများကို တိုင်ကြားခဲ့ပါသည်။ သူက ဆမ်၏ မိဘများအား ၎င်းတို့၏အသိုင်းအဝိုင်းအတွင်း မိသားစုဂုဏ်သိက္ခာကို မထိခိုက်စေရန်အတွက် ဆမ်အား အမျိုးသမီးတစ်ဦးနှင့် အလျင်အမြန် လက်ထပ်ပေးရန် စည်းရုံးခဲ့သည်။

မကြာခင်တွင် သူ့မိဘများသည် ၎င်း၏အသိုင်းအဝိုင်းမှ သူ့အား လက်ထပ်ရန် သဘောတူညီသော အမျိုးသမီးတစ်ယောက်ကို ရှာတွေ့သည်။ ဆမ်က တစ်ခါမှ မတွေ့ဘူးသည့်အပြင်၊ သူ့အား လက်မထပ်လိုကြောင်း သူ့မိသားစုအား ပြောရန် ကြိုးစားပါသည်။ ဆမ်၏ဦးလေးဖြစ်သူက သူသည် တစ်ကိုယ်ကောင်းဆန်ပြီး သူတို့၏မိသားစုကို အရှက်ရစေသည်ဟု ပြောကြားကာ ဆမ်၏ မိဘများအား မင်္ဂလာပွဲပြင်ဆင်မှုများကို ဆက်လက် လုပ်ဆောင်ရန် တောင်းဆိုခဲ့သည်။ ဆမ်သည် ဝမ်းနည်းကြေကွဲပြီး၊ တရားဝင် လက်ထပ်ပွဲ အခမ်းအနားကျင်းပပြီးဆုံးသည်အထိ ကျော်ဖြတ်ခဲ့သော်လည်း မပျော်ရွှင်ဘဲ ဆက်လက် ပေါင်းသင်းလိုစိတ် မရှိပေ။

ထိုအကြောင်းကို ပြောသောအခါ၊ ဆမ်၏ဦးလေးက စိတ်ဆိုးပြီး၊ ဆမ်က သူ့ချစ်သူကောင်လေးထံ ပြန်လာမည်ကို စိုးရိမ်သောကြောင့် အိမ်ထောင်ပျက်မည်ကိုတားဆီးရန် ဆန် ၏မိဘတွေကို စည်းရုံးခဲ့ပါသည်။

ဆမ်က ရဲတပ်ဖွဲ့ကို သတင်းပို့ခြင်းအားဖြင့် သူ့မိဘများ ဒုက္ခရောက်မည်ကို စိုးရိမ်နေပါသည်။ ဆမ်က သူ့မိဘများအား တောင်းပန်နိုင်မည်ဟု ထင်သော်လည်း၊ ဦးလေးက ဆမ်၏ မိဘတွေအား အိမ်ထောင်မပျက်ရန် အတင်းအကြပ် ဖိအားပေးနေမည်ကို စိုးရိမ်နေပါသည်။

**ဖြစ်ရပ်ဥပမာ**

ဇာရာသည် အသက် ၁၇နှစ်ဖြစ်ပြီး လအနည်းငယ်အတွင်း ၁၂တန်း ပြီးပါမည်။

ဇာရာ၏ဖခင်သည် အလွန်တင်းကြပ်ပြီး အရာရာတွင် ပါဝင်သောကြောင့် သူသည် ဖခင်ကို ကြောက်ရွံ့ရသည်။ ဇာရာ အသက် ၁၅နှစ်တွင် သူ့ဖခင်က ဇာရာကို သူ၏ဇာတိနိုင်ငံမှ အမျိုးသားတစ်ဦးနှင့် လက်ထပ်ရန် စီစဉ်ခဲ့သည်။ ဇာရာသည် သူ့ဖခင်အား တောင်းပန်ပြီး အနည်းဆုံး အထက်တန်းပညာရေး ပြီးမြောက်သည်အထိ စောင့်ရန် စည်းရုံးနိုင်ခဲ့သည်။

ယခု ဇာရာသည် အထက်တန်းကျောင်းပြီးရန် နီးလာသည်နှင့်အမျှ၊ ဇာရာ၏ဖခင်သည် သူ့အတွက် ရွေးချယ်ထားသော အမျိုးသားနှင့်လက်ထပ်ရန် မွေးရပ်မြေသို့ သွားရောက်ရန်အတွက် ဇာရာကို စတင်စီစဉ်နေပါသည်။ ဇာရာက သူ့အဖေကို နောက်ထပ် မစည်းရုံးနိုင်တော့ပြီဟု စဉ်းစားမိပြီး အိမ်ထောင်ပြုရန် စိတ်မပါပါ။

သူ၏ ခရီးသွားရက် နီးလာသောအခါ ဇာရာသည် သူ့ဆရာကို ရင်ဖွင့်သည်။ ဇာရာသည် နယူးဆောက်ဝေးလ်တွင် နေထိုင်ပြီး အသက် ၁၇နှစ်ဖြစ်သောကြောင့်၊ ဤအဖြစ်အပျက်ကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်းများသို့ အစီရင်ခံရန် မလိုအပ်သောကြောင့် ကျောင်းမှ နယူးဆောက်ဝေးလ်ရဲတပ်ဖွဲ့သို့ သတင်းပို့ပါသည်။ ရဲတပ်ဖွဲ့က ဆရာမ၊ မိသားစုနှင့် တွေ့ဆုံခဲ့ပြီးနောက်ပိုင်း ဇာရာသည် အဓမ္မလက်ထပ်ခြင်းခံရနိုင်ဖွယ် ရှိသည်ဟု ဆုံးဖြတ်ခဲ့သည်။

## ညှိနှိုင်းဆွေးနွေးရန် အဆိုပြုချက်

ဤညှိနှိုင်းဆွေးနွေးချက်စာတမ်းတွင် ဩစတြေးလျ၏ အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ ချဉ်းကပ်မှု အားကောင်းစေရန်နှင့် အဓမ္မလက်ထပ်စေခြင်း တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးရန် နမူနာပုံစံအတွက် ရွေးချယ်စရာမူကြမ်းကို ဖော်ပြထားပါသည်။ ဤရွေးချယ်မှုများနှင့် အခြားရွေးချယ်စရာများကို ဩစတြေးလျအစိုးရအားလုံးမှ ဆွေးနွေးဆဲဖြစ်ပြီး ဆက်လက်စဉ်းစားရန်နှင့် ဆုံးဖြတ်ချက်ချရန် ရှိပါသည်။ ဤစာတမ်းတွင် စဉ်းစားရမည့် အဓိကဆောင်ရွက်ချက် သုံးခုမှာ-

1. အဓမ္မလက်ထပ်စေခြင်းအား မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံတစ်ခုအဖြစ် **မျှဝေနားလည်မှုတည်ဆောက်ခြင်းဖြင့်** ခံရသူ-ကျော်လွန်လာသူများအတွက် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဝန်ဆောင်မှုလုပ်ငန်းများရရှိနိုင်ခွင့် တိုးတက်စေခြင်း
2. စောစီးစွာ ဖော်ထုတ်ခြင်း၊ ကြားဝင်ဆောင်ရွက်ခြင်းနှင့် တားဆီးခြင်းတို့ကို ပံ့ပိုးရန် **ပညာရေးနှင့် အသိအမြင်တိုးပွားရေး မြှင့်တင်ပေးခြင်း**
3. **အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်း**ကို အောက်ပါအတိုင်း ရရှိစေမည်
    a. **ရွေးချယ်မှု အေ-** လက်ရှိခနေသဟာယ၊ ပြည်နယ်နှင့် နယ်မြေ မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု မူဘောင်များတွင် မြှင့်တင်ထားသော အကာအကွယ်များကို ပေါင်းစည်းခြင်း၊
        i. ဤတွင် ၎င်းတို့၏မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု မူဘောင်များတွင် သင့်လျော်သလို ပေါင်းစည်းရန် တရားစီရင်ပိုင်ခွင့်များအတွက် မြှင့်တင်ထားသော ကာကွယ်မှုများဆိုင်ရာ မျှဝေထားသော အခြေခံမူများ သို့မဟုတ် လက္ခဏာများကို ဖန်တီးခြင်းနှင့် သဘောတူခြင်းတို့ ပါဝင်နိုင်သည်၊ **သို့မဟုတ်**
    b. **ရွေးချယ်မှု ဘီ -** ပြည်နယ်နှင့် နယ်မြေအစိုးရများ၏ အကောင်အထည်ဖော်ရေးပံ့ပိုးမှုဖြင့် နိုင်ငံတော်ဥပဒေများမှတစ်ဆင့် ကာကွယ်မှုအသစ်များ ပြုလုပ်ခြင်း၊

ဤအလုပ်တွင် အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ အထူးပံ့ပိုးကူညီမှုအစီအစဉ်ကို ၂၀၂၅ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ထောင်ခြင်းဖြင့် ဩစတြေးလျအစိုးရ၏ ကတိကဝတ်ဖြစ်သော အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် ပံ့ပိုးမှုမြှင့်တင်ရေး ဖြည့်ဆည်းပေးမည်ဖြစ်သည်။




**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

1. အဓမ္မလက်ထပ်စေခြင်းအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တသမတ်တည်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရန် ဤထိရောက်သောရွေးချယ်စရာများက ဖြစ်စေပါသလား။ ထည့်သွင်းစဉ်းစားသင့်သော အခြားရွေးချယ်စရာများ ရှိပါသလား။

## အပိုင်း ၁ – အဓမ္မလက်ထပ်စေခြင်းအား မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံတစ်ခုအနေဖြင့် မျှဝေခံစားနားလည်မှုတစ်ခု တည်ဆောက်ခြင်းဖြင့် ခံရသူ- ကျော်လွန်လာသူများ၏ မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဝန်ဆောင်မှုလုပ်ငန်းများသို့ ရရှိနိုင်ခွင့်ကို တိုးမြှင့်စေပါသည်

### ရယူလိုသော ရလဒ်များ

ဩစတြေးလျတရားစီရင်ပိုင်ခွင့်အာဏာတစ်ခုစီရှိ မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုစနစ်များမှတစ်ဆင့် အဓမ္မလက်ထပ်ခြင်း ခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်း ခံရနိုင်မည့်သူများသည် ပံ့ပိုးမှုများနှင့် ကာကွယ်မှုများကို ရယူနိုင်သည်။

### အကျဉ်းချုပ်

အဓမ္မလက်ထပ်စေခြင်းသည် ယေဘုယျအားဖြင့် မိသားစုအတွင်းတွင် ဖြစ်လေ့ရှိသည်။ သို့သော်လည်း ဩစတြေးလျတစ်ဝှမ်းတွင် အဓမ္မလက်ထပ်စေခြင်းကို မိသားစုနှင့် အိမ်တွင်း အကြမ်းဖက်မှုပုံစံအဖြစ် အသိအမှတ်ပြုခြင်း မတူညီကြပါ။ ဥပမာအားဖြင့်၊ နယူးဆောက်ဝေးလ်၊ ဗစ်တိုးရီးယား နှင့် တောင်ဩစတြေးလျတို့သည် အဓမ္မလက်ထပ်စေခြင်းကို မိသားစုအကြမ်းဖက်မှုပုံစံအဖြစ် အသိအမှတ်ပြုသော်လည်း ကွင်းစလန်း၊ အနောက်ဩစတြေးလျ တက်စမေးနီးယား၊ တောင်ပိုင်းနယ်မြေနှင့် ဩစတြေးလျမြို့တော်နယ်မြေတို့သည် သက်ဆိုင်ရာဥပဒေများတွင် အဓမ္မလက်ထပ်စေခြင်းကို အထူးတလည် အသိအမှတ်ခြင်း မရှိပါ။

မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုမူဘောင်များတွင် အဓမ္မလက်ထပ်စေခြင်းမှ ခံရသူ-ကျော်လွန်လာသူများအတွက် ကာကွယ်မှုများနှင့် ပံ့ပိုးမှုများ ပါဝင်သည်။ သက်ဆိုင်ရာ ကာကွယ်မှုများနှင့် ပံ့ပိုးမှုများတွင် တရားရေးဆိုင်ရာကာကွယ်မှုအမိန့်၊ ဥပဒေအကူအညီ၊ ဆေးကုသရေး၊ အကြံပေးမှု၊ ငွေကြေးအကူအညီနှင့် အရေးပေါ်နေရာတို့ ပါဝင်နိုင်သည်။ သို့ရာတွင်၊ အဓမ္မလက်ထပ်စေခြင်းအား မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံတစ်ခုအဖြစ် တိတိကျကျ အသိအမှတ် မပြုခြင်းက အဓမ္မလက်ထပ်စေခြင်းမှ ခံရသူ-ကျော်လွန်လာသူများအတွက် ထိုကာကွယ်မှုနှင့် ထောက်ပံ့မှုများ ရယူနိုင်ခွင့်ကို ကန့်သတ်ထားသည်။ အချို့ကိစ္စများတွင်၊ ထိုက်သင့်သော ကာကွယ်မှုများနှင့် ပံ့ပိုးမှုများသည် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် မရနိုင်ပါ။ အခြားကိစ္စများတွင်၊ အဓမ္မလက်ထပ်စေခြင်းကို မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံအဖြစ် မသိခြင်း သို့မဟုတ် အသိအမှတ်မပြုခြင်းကြောင့် ရပိုင်ခွင့်အတွက် အဟန့်တားများ ဖြစ်ပေါ်လာနိုင်သည်။

အဓမ္မလက်ထပ်စေခြင်းကို တရားစီရင်ပိုင်ခွင့်အားလုံးတွင် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံအဖြစ် အသိအမှတ်ပြုပါက၊ တရားစီရင်ပိုင်ခွင့်အာဏာများသည် အဓမ္မလက်ထပ်စေခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အဓိပ္ပါယ်ကို လမ်းညွှန်ပေးရန် လိုအပ်ပါမည်။ ထိုသို့ လမ်းညွှန်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ (Cth) ပါ အဓမ္မလက်ထပ်စေခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အား ကိုးကား၍ အဓမ္မလက်ထပ်စေခြင်းသည် အောက်ပါအခြေအနေတို့တွင် ဖြစ်ပေါ်လာသည်ဟု ဖွင့်ဆိုနိုင်သည်-

a) အောက်ပါအကြောင်းတို့ကြောင့် လက်ထပ်သူ (ခံရသူ) တစ်ဦးဦးသည် လွတ်လပ်စွာ အပြည့်အဝ သဘောတူချက်မရှိဘဲ လက်ထပ်သောအခါ -
   i. အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် လှည့်ဖြားခြင်းတို့ကြောင့်၊ သို့မဟုတ်
   ii. ခံရသူသည် လက်ထပ်ခြင်း၏ သဘောသဘာဝနှင့် အကျိုးသက်ရောက်မှုတို့ကို နားမလည်နိုင်သောကြောင့်၊ သို့မဟုတ်
b) လက်ထပ်သောအခါ၌ လက်ထပ်သူ (ခံရသူ)သည် ၁၆ နှစ်အောက်ဖြစ်နေသောအခါ။

အောက်ဖော်ပြပါ အဆိုပြုချက်သည် ဩစတြေးလျနိုင်ငံတစ်ဝှမ်းတွင် အဓမ္မလက်ထပ်စေခြင်းကို မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံအဖြစ် မျှဝေနားလည်မည့် ဆောင်ရွက်ချက်များကို ရှင်းပြထားပြီး၊ နောက်ပိုင်းတွင် အဓမ္မလက်ထပ်စေခြင်းမှ ခံရသူ-ကျော်လွန်လာသူများအတွက် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ရရှိနိုင်မှုကို မြှင့်တင်ပေးပါသည်။

## တုံ့ပြန်ချက်အတွက် အဆိုပြုချက်

တရားစီရင်ပိုင်ခွင့်အပေါ် မူတည်၍ အဓမ္မလက်ထပ်စေခြင်းကို မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံအဖြစ် မျှဝေနားလည်မှုကို အောက်ပါတို့က ရရှိနိုင်ပါသည်။

- မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များတွင် အဓမ္မလက်ထပ်စေခြင်းကို အတိအလင်း ပါဝင်စေခြင်း
- သက်ဆိုင်မှုရှိပါက အဓမ္မလက်ထပ်စေခြင်းအား မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်များတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြခြင်း
    - ဥပမာအားဖြင့်၊ အဓမ္မလက်ထပ်စေခြင်းအား မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု၏ တရားဝင်ဥပမာအဖြစ် ထည့်သွင်းခြင်း
- အဓိကသက်ဆိုင်သူများနှင့်အတူတကွ ပညာရေး၊ အသိအမြင်တိုးပွားမှုလှုပ်ရှားမှုများနှင့် အရင်းအမြစ်များကို ပြုစု ပျိုးထောင်ခြင်းဖြင့် အဓမ္မလက်ထပ်စေခြင်းကို မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံအဖြစ် ပိုမိုတသမတ်တည်း အသိအမှတ်ပြုနိုင်စေခြင်း
- မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များတွင် အဓမ္မလက်ထပ်စေရန် ရည်ရွယ်ချက်အတွက် လူတစ်ဦးကို အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် လှည့်ဖြားခြင်းအပါအဝင် အဓမ္မလက်ထပ်စေခြင်းအထိ ရောက်အောင် လုပ်ဆောင်သွားခြင်းကိုပါ ဖွင့်ဆိုထားခြင်း။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

2. အဓမ္မလက်ထပ်စေခြင်းကို မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံအဖြစ် အသိအမှတ် ပြုသင့်ပါသလား။ ဘာကြောင့်လဲ။
3. အဓမ္မလက်ထပ်စေခြင်းကို မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံအဖြစ် ပိုမိုကောင်းမွန်စွာ အသိအမှတ်ပြုရန် မည်သည့် တရားရေး၊ မူဝါဒ အပြောင်းအလဲများ သို့မဟုတ် နောက်ထပ်လမ်းညွှန်မှုများ လိုအပ်ပါသလဲ။
4. မိသားစုနှင့် အိမ်တွင်း အကြမ်းဖက်မှု ဝန်ဆောင်မှုလုပ်ငန်းများသည် အဓမ္မလက်ထပ်စေခြင်းကို မိသားစုနှင့်အိမ်တွင်းအကြမ်းဖက်မှုပုံစံအဖြစ် တသမတ်တည်း အသိအမှတ်ပြုရန် မည်ကဲ့သို့ မြှင့်တင်မှုများ သို့မဟုတ် နောက်ထပ်လမ်းညွှန်မှုများ လိုအပ်နိုင်မလဲ။

## အပိုင်း ၂ – ပညာရေးနှင့် အသိအမြင်မြှင့်တင်ရေး -ပြုစုပျိုးထောင်ခြင်း

### ရယူလိုသော ရလဒ်များ

အဓမ္မလက်ထပ်စေခြင်းအပေါ် နားလည်မှုနှင့် အသိအမြင်သည် လူမှုအသိုင်းအဝိုင်းများနှင့် အဖွဲ့အစည်းများတွင် တိုးမြှင့်လာစေပြီး လူမှုအသိုင်းအဝိုင်းဝင်များနှင့် ပထမကြားသိသူများထံမှ အဓမ္မလက်ထပ်စေခြင်းအတွက် ပိုမိုကောင်းမွန်သော ခွဲခြားသတ်မှတ်ခြင်းနှင့် ထုံးတမ်းစဉ်လာအရ သင့်လျော်ပြီး အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်မှုများကို ဖြစ်ပေါ်စေသည်။

### အကျဉ်းချုပ်

ယနေ့အထိ သက်ဆိုင်သူများထံမှ အကြံပေးချက်များသည် အဓမ္မလက်ထပ်စေခြင်းတရားရေးဆိုင်ရာကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးကြောင်း သေချာစေခြင်းဖြင့် လူမှုအသိုင်းအဝိုင်း ပညာရေးနှင့် အသိအမြင်တိုးပွားမှုများ မြှင့်တင်ပေးခြင်းအပြင် ပထမကြားသိသူများအတွက် လေ့ကျင့်ပေးခြင်းများ ပါဝင်သည့် အဓမ္မလက်ထပ်စေခြင်း အတွက် ပြည့်စုံသော တုံ့ပြန်မှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း အလေးပေးထားသည်။ ပညာရေးနှင့် အသိအမြင်တိုးပွားမှုများသည် ပံ့ပိုးမှုရယူလိုသူ အရေအတွက်ကို တိုးမြှင့်စေပြီး သင့်လျော်သော ပံ့ပိုးမှုဝန်ဆောင်မှုလုပ်ငန်းများဖြင့်အတူ လက်တွဲ-လုပ်ဆောင်နိုင်ပါသည်။

အစိုးရများသည် တရားစီရင်ပိုင်ခွင့်အာဏာအားလုံးတွင် ပြည့်စုံသော ညှိနှိုင်းတုံ့ပြန်မှုကို အားကောင်းစေရန် အတူတကွ လုပ်ဆောင်ခြင်းဖြင့် အထိရောက်ဆုံးနည်းလမ်းကို စဉ်းစားနေပါသည်။ ဤလုပ်ဆောင်ချက်များသည် ဤညှိနှိုင်းတိုင်ပင်မှုစာတမ်းပါ အခြားအဆိုပြုချက်များကို ဖြည့်စွက်ရန် ကြိုးပမ်းမည်ဖြစ်ပြီး မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဝန်ဆောင်မှုလုပ်ငန်းများ၊ အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ အခြား ပထမဆုံးကြားသိရသူများနှင့် တရားစီရင်ရေးကဏ္ဍတို့ ပါဝင်သည့် ပညာရေးနှင့် အသိအမြင်တိုးရေးလှုပ်ရှားမှုများ ပါဝင်နိုင်သည်။ ပညာရေးနှင့် အသိအမြင်တိုးပွားရေးလှုပ်ရှားမှုအသစ်များသည် အဓမ္မလက်ထပ်စေခြင်းမှ သက်ရောက်မှုရှိသော လူမှုအသိုင်းအဝိုင်းများနှင့် ထုံးတမ်းစဉ်လာအရ သင့်လျော်ပြီး ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မည်ဖြစ်ပါသည်။

သြစတြေးလျအစိုးရမှ ထောက်ပံ့သော FMSSP သည် ၂၀၂၅ခုနှစ်တွင် စတင်မည်ဖြစ်ပြီး သက်ရောက်မှုရှိသော ရပ်ရွာများတွင် ပညာရေးနှင့် အသိအမြင်တိုးပွားမှုတွင် အားကောင်းသည့် အခန်းကဏ္ဍမှ ပါဝင်မည်ဟု မျှော်လင့်ပါသည်။ ရွေးချယ်ထားသော ဝန်ဆောင်မှုလုပ်ငန်းပေးသူသည် ဒေသတွင်း လူမှုအသိုင်းအဝိုင်းများတွင် ဆက်ဆံရေးနှင့် ကွန်ရက်များကို တည်ဆောက်မည်ဖြစ်ပြီး၊ အပြုအမူပြောင်းလဲမှုနှင့် မိသားစုဆက်ဆံရေးကို အားကောင်းစေမည့် အဓမ္မလက်ထပ်စေခြင်း အကြောင်းကို ထုံးတမ်းစဉ်လာအရ သင့်လျော်သောပုံစံဖြင့် စီစဉ်ထားသော ပညာရေးနှင့် အသိအမြင်-တိုးပွားမှု ပြုစုပျိုးထောင်ပေးပါမည်။ FMSSPအား လုပ်ဆောင်မှု ၁၈လအကြာတွင် အကဲဖြတ်မည်ဖြစ်ပြီး၊ အဓမ္မလက်ထပ်စေခြင်းကို စောစီးစွာ ဝင်ရောက်ဖြေရှင်းခြင်းနှင့် အဓမ္မလက်ထပ်စေခြင်းမှ တားဆီးခြင်းတို့ကို ပံ့ပိုးပေးရန်အတွက် ပညာရေးနှင့် အသိအမြင်တိုးတက်မှုဆိုင်ရာ လိုအပ်ချက်များကို ထပ်လောင်းထည့်သွင်းစဉ်းစားရန် အခွင့်အရေးတစ်ခု ပေးပါမည်။

### တုံ့ပြန်ချက်အတွက် အဆိုပြုချက်

အောက်တွင်ဖော်ပြထားသောစာရင်းသည် အစိုးရများ လုပ်ဆောင်နိုင်သည့်လုပ်ငန်းများကို မီးမောင်းထိုးပြထားသည်။ အဓမ္မလက်ထပ်စေခြင်းပညာပေးခြင်းနှင့် အသိအမြင်တိုးပွားရေးမြှင့်တင်ခြင်းလုပ်ငန်းကို FMSSP တည်ထောင်ခြင်းနှင့် အဓမ္မလက်ထပ်စေခြင်းအား ဖြေရှင်းရန်အတွက် လက်ရှိလုပ်ဆောင်မှုများမှ သင်ယူမှုများဖြင့် အကြောင်းကြားမည်ဖြစ်သည်။

အဓိက လုပ်ဆောင်ချက်များ ပါဝင်နိုင်သည်-

- အဓမ္မလက်ထပ်စေခြင်း၏ လက္ခဏာများကို ခွဲခြားသတ်မှတ်ခြင်းအပါအဝင် ပစ်မှတ်ထား အသိအမြင်တိုးပွားမှုနှင့် ထုံးတမ်းစဉ်လာအရ သင့်လျော်ပြီး ရယူနိုင်သည့်အပြင် စိတ်ဒဏ်ရာ-ရရှိထားသည့် တုံ့ပြန်မှုများ အပါအဝင် တုံ့ပြန်နည်း
- လူမှုအသိုင်းအဝိုင်းပညာရေးနှင့် အသိအမြင်တိုးပွားရေးတို့အပြင်

- မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု ဝန်ဆောင်မှုလုပ်ငန်း ပေးသူများအပါအဝင် ပထမဆုံး ကြားသိရသူများအတွက် ရည်ရွယ်ထားသော အသိအမြင်-တိုးပွားမှုနှင့် ပညာပေးခြင်း။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

5. ပညာရေး သို့မဟုတ် အသိအမြင်မြှင့်တင်ရေး ဆောင်ရွက်ချက်များသည် မည်သည့်အကြောင်းအရာများကို အဓိက ထားရမည်နည်း။-
6. အဓမ္မလက်ထပ်စေခြင်းဒဏ်ခံရသော လူမှုအသိုင်းအဝိုင်းများရှိ ပညာရေးနှင့် အသိအမြင်တိုးပွားမှုပညာပေးမှုတွင် မည်သူ ပါဝင်သင့်သနည်း။
7. အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ အသိပညာနှင့် အသိအမြင်တိုးပွားမှုကို လူမှုအသိုင်းအဝိုင်းအတွင်းရှိ မည်သည့် အုပ်စုများ လိုအပ်မည်နည်း (ဥပမာ - ရဲများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်/သို့မဟုတ် လူမှုအသိုင်းအဝိုင်း အတွင်းရှိ သီးခြားအုပ်စုများ)။

## အပိုင်း ၃ – တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်း

### ရယူလိုသော ရလဒ်များ

တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်းမှ အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် ကြားဝင်စွက်ဖက်ခြင်းနှင့် တားဆီးခြင်းဆိုင်ရာ ရွေးချယ်မှုများကို ပေးဆောင်ခြင်း။

### အကျဉ်းချုပ်

လက်ရှိတွင်၊ အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးယန္တရားများသည် အကန့်အသတ်ရှိပြီး အဓမ္မလက်ထပ်စေခြင်းဆိုင်ရာအကြောင်းအရာများနှင့် အံဝင်ခွင်ကျမဖြစ်ဘဲ စီရင်ပိုင်ခွင့်အာဏာများအလိုက် ကွဲပြားနေပါသည်။ အဆိုပြုချက်၏ ဤအပိုင်းသည် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် အသုံးဝင်ဆုံးဖြစ်သော ကာကွယ်မှုများကို ထည့်သွင်းစဉ်းစားသည်။ ၎င်းတွင် ကာကွယ်မှုအမိန့်များမှ အကျိုးဝင်စေမည့် လုပ်ဆောင်ချက်များနှင့် ကာကွယ်မှုအမိန့်များက မည်သူအား ထိရောက်မှုရှိနိုင်သည်ကို ထည့်သွင်းစဉ်းစားခြင်း ပါဝင်သည်။

*တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများသည် အဘယ်နည်း။*

တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများသည် လူများ သို့မဟုတ် အဖွဲ့အစည်းများမှ လုပ်ဆောင်ရန် သို့မဟုတ် မလုပ်ဆောင်ရန်များကို ဥပဒေအရ တောင်းဆိုနိုင်သည့် တရားရုံးများက ထုတ်ပြန်သော အမိန့်များဖြစ်သည်။ တရားရေးဆိုင်ရာ ကာကွယ်ရေးများသည် ခံရသူ- ကျော်လွန်လာသူများကို အနာဂတ်အကြမ်းဖက်မှုမှ ကာကွယ်ပေးနိုင်ပြီး၊ ရဲတပ်ဖွဲ့က စတင်လုပ်ဆောင်ရန် မလိုအပ်ပါ။ ၎င်းတို့သည် အမိန့်ထုတ်ခံရသူတစ်ဦးအပေါ် အခြေအနေများ သတ်မှတ်ခြင်း သို့မဟုတ် ကန့်သတ်ချက်များ ချမှတ်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ တရားရေးဆိုင်ရာ ကာကွယ်ရေးများကို တရားရုံးက မကြာခဏ လျင်မြန်စွာ အမိန့်ပေးနိုင်ပြီး ၎င်းတို့ကို လိုအပ်သူများအတွက် အချိန်နှင့်တပြေးညီ အကာအကွယ်များ ပေးဆောင်နိုင်သည်။

*လက်ရှိတွင် မည်သည့် တရားရေးဆိုင်ရာ ကာကွယ်ရေးများ ရနိုင်သနည်း။*

တရားစီရင်ပိုင်ခွင့်အာဏာအားလုံးတွင် မိသားစု၊ အိမ်တွင်းရေးနှင့် ကိုယ်ရေးကိုယ်တာ အကြမ်းဖက်မှုများတွင် ခံရသူ-ကျော်လွန်လာသူများအား အကာအကွယ်ပေးသည့် တရားရေးဆိုင်ရာ ကာကွယ်ရေးများမူဘောင်များ ရှိသည်။ ဤမူဘောင်များသည် ဖြေကြားသူအား ကာကွယ်မှုပေးထားသည့်လူကို အန္တရာယ်ပြုခြင်း သို့မဟုတ် ကာကွယ်ပေးထားသည့်လူကို ဆက်သွယ်ခြင်းမှ တားမြစ်ခြင်းအပါအဝင် ကာကွယ်မှုများစွာကို ပေးပါသည်။ ဤကာကွယ်မှုများသည် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများနှင့် သက်ဆိုင်နိုင်သည်။

သို့သော်လည်း၊ အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် လက်ရှိ တရားရေးဆိုင်ရာ ကာကွယ်ရေး လျှောက်ထားရာတွင်လည်း ကွာဟချက်နှင့် ကန့်သတ်ချက်များ ရှိနေပါသည်။ ဥပမာအားဖြင့်၊ တရားစီရင်ပိုင်ခွင့်အာဏာအားလုံးတွင် ရရှိနိုင်သော ကာကွယ်မှုအမျိုးမျိုး ရှိပြီး အချို့မှာ ကန့်သတ်အခြေအနေများတွင်သာ ရရှိနိုင်ပြီး သီးခြား မိသားစု သို့မဟုတ် အတူနေ ရင်းနှီးသူစသောအခြေအနေများတွင်သာ ရရှိနိုင်ပါသည်။

*မိသားစုဥပဒေ ၁၉၇၅ (Cth)* အရ တရားရုံးသည် ကလေးတစ်ဦးအတွက် မိဘအုပ်ထိန်းမှုအစီအစဉ်များနှင့် ပတ်သက်သည့် မိဘအုပ်ထိန်းမှုဆိုင်ရာအမိန့်ကို ချမှတ်နိုင်သည်။ ၎င်းတွင် ကလေးတစ်ဦး၏ စောင့်ရှောက်မှု၊ လူမှုဖူလုံရေး သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမိန့်များ ပါဝင်သည်။ အချို့သောအခြေအနေများတွင်၊ တရားရုံးသည် ကလေးတစ်ဦး၏ တည်နေရာနှင့် ပတ်သက်သည့် တရားရုံးအချက်အလက်ကို ပေးဆောင်ရန် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို တောင်းဆိုနိုင်သည့် တည်နေရာအမိန့်ကို ပြုလုပ်နိုင်သည်။ နိုင်ငံတကာခရီးသွားလာမှုကို တားဆီးရန် မိဘအုပ်ထိန်းမှုတွင် ပါရှိပါက၊ ကလေး၏ အသေးစိတ်အချက်အလက်များကို လေဆိပ်စောင့်ကြည့်မှုစာရင်းတွင် ထည့်သွင်းထားရန် AFP သို့ လျှောက်လွှာတင်နိုင်သည်။ ၎င်းသည် ကလေးတစ်ဦး ဩစတြေးလျမှ ထွက်ခွာခြင်းမှ ကာကွယ်ရန် သတိပေးသည့် Passenger Analysis Clearance and

Evacuation System (PACE) သတိပေးချက်တစ်ခု တည်ထောင်မည်ဖြစ်သည်။ အဓမ္မလက်ထပ်ရန် ရည်ရွယ်ချက်ဖြင့် ကလေးတစ်ဦးကို နိုင်ငံရပ်ခြားသို့ ခေါ်ဆောင်သွားခြင်းကို တားဆီးရန်အတွက် ၎င်းကို အသုံးပြုနိုင်သည်။

သို့သော်၊ မိဘအုပ်ထိန်းမှုအမိန့်များသည် ကလေးများနှင့် ၎င်းတို့၏မိဘများ သို့မဟုတ် ပြုစုစောင့်ရှောက်သူများ၏ ဆက်ဆံရေးကို ထိန်းချုပ်ရန် စီစဉ်ထားပြီး အရွယ်ရောက်ပြီးသူများအတွက် အကာအကွယ်မပေးနိုင်ပါ။ ၎င်းသည် အရွယ်ရောက်ပြီးသူများကို လေဆိပ် စောင့်ကြည့်စာရင်းတွင် ထည့်သွင်း၍မရကြောင်းကိုလည်း ဆိုလိုသည်။

အပိုင်း ၃ တွင်ဖော်ပြထားသော အဆိုပြုမြှင့်တင်မှုများသည် ရရှိနိုင်သော တရားရေးဆိုင်ရာ ကာကွယ်ရေးများတွင် ကွာဟချက်များကို ဖြေရှင်းရန်နှင့် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် ပိုမိုကိုက်ညီပြီး သင့်လျော်သော ကာကွယ်မှု ရရှိစေရန် ရည်ရွယ်ပါသည်။

*အဓမ္မလက်ထပ်စေခြင်းအတွက် ခိုင်မာသော တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ အဘယ်ကြောင့် လိုအပ်သနည်း။*
အဓမ္မလက်ထပ်စေခြင်းအတွက် ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုဆိုင်ရာ တုံ့ပြန်မှုသည် အရေးကြီးသောအခန်းကဏ္ဍမှ အဟန့်အတားတစ်ခုအဖြစ် လုပ်ဆောင်ပြီး ဤအပြုအမူကို ဩစတြေးလျတွင် လက်မခံကြောင်း ရှင်းရှင်းလင်းလင်း သတင်းစကား ပေးပို့သည်။ အဓမ္မလက်ထပ်စေခြင်းအတွက် ခိုင်မာသော တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများသည် ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုဆိုင်ရာတုံ့ပြန်မှုကို ဖြည့်ဆည်းပေးမည်ဖြစ်ပြီး ခံရသူ-ကျော်လွှန်လာသူ၏ ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် ကြိုတင်ကာကွယ်မှုနှင့် အချိန်အလိုက် အရေးကြီးရလဒ်များကို ရရှိနိုင်သည့် လက်တွေ့ကျသော နည်းလမ်းများကို ပံ့ပိုးပေးမည် ဖြစ်သည်။ ဩစတေးလျ သုတေသနသည် ရဲနှင့် အစိုးရရှေ့နေများအတွက် လူကုန်ကူးမှုနှင့် ခေတ်သစ်ကျွန်ပြုမှု (အဓမ္မလက်ထပ်စေခြင်း အပါအဝင်) ရှုပ်လျားပြီး ရှုပ်ထွေးသည့် သဘောသဘာဝကို မီးမောင်းထိုးပြခဲ့ပြီး၊ ရလဒ်မည်သို့ပင်ဖြစ်စေ အပြီးသတ်ရန် ပျမ်းမျှအားဖြင့် နှစ်နှစ်ကျော် အချိန်ယူရကြောင်း ပြသထားသည်။ ထို့အပြင်၊ AFP သည် ၎င်းလုပ်ဆောင်နိုင်သော အစောပိုင်းဝင်ရောက်စွက်ဖက်မှုအဆင့်များနှင့် ၎င်းပေးစွမ်းနိုင်သော အကာအကွယ်များကို မကြာခဏ ကန့်သတ်ထားသည်။

နိုင်ငံတကာတွင်၊ ဗြိတိန် (ယူကေ) သည် အဓမ္မလက်ထပ်စေခြင်းကို ကူညီဖြေရှင်းရန် တရားရေးဆိုင်ရာ ကာကွယ်ရေးများကို အသုံးပြုထားသည့် နိုင်ငံတစ်ခု၏ ဥပမာတစ်ခုကို ပြသထားပါသည်။ ၂၀၀၈ ခုနှစ်တွင် UK သည် အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ အကာအကွယ်ပေးရေး အမိန့်များ (FMPOs) ကို စတင်ခဲ့သည်။ အဓမ္မလက်ထပ်စေခြင်းကို ကိုင်တွယ်ဖြေရှင်းရန် အသင့်လျော်ဆုံးနည်းလမ်းမှာ တရားရေးဆိုင်ရာ ကာကွယ်ရေးများသည် ရာဇဝတ်မှုဆိုင်ရာ ဒဏ်ခတ်ပိတ်ဆို့မှုများ ဖြစ်ကြောင်း သက်ဆိုင်သူများထံမှ အကြံပြုချက်များကို FMPOs ၏ နိဒါန်းတွင် ရေးဆွဲထားသည်။ ခံရသူ-ကျော်လွှန်လာသူ အများအပြားသည် ၎င်းတို့၏မိသားစုများကို တရားစွဲရန် တွန့်ဆုတ်နေကြပြီး အကူအညီ ရယူလိုသူနည်းပါးသွားကြောင်း အဆိုပါ သက်ဆိုင်သူများက စောဒကတက်ခဲ့ကြသည်။ ဗြိတိန်သုတေသနပြုချက်သည် ၂၀၁၄မှ ၂၀၂၃ခုနှစ်အထိ အင်္ဂလန်နှင့် ဝေးလ်တို့တွင် တစ်နှစ်လျှင် အနီးစပ်ဆုံး ၂၀၀-၂၅၀ FMPOs များကို ခွင့်ပြုပေးခြင်းဖြင့် FMPO များအသုံးပြုမှုတွင် အားကောင်းချက်ကို ပြသပါသည်။

ဩစတေးလျတွင်၊ အဓမ္မလက်ထပ်စေခြင်းမှ ခံရသူ-ကျော်လွှန်လာသူ ကြုံတွေ့နေရသည့် အန္တရာယ်များကို အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပညာရပ်ဆိုင်ရာ သုတေသနနှင့် အကြံဉာဏ်များက တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်များကဲ့သို့သော တရားဥပဒေဆိုင်ရာ နည်းလမ်းများ၏ အကျိုးကျေးဇူးများကို ဖော်ပြပါသည်။ ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းအတွက် လိုအပ်သော သက်သေစံနှုန်းထက် နိမ့်ကျသော သက်သေစံနှုန်း (ဖြစ်နိုင်ခြေများ) နည်းပါးခြင်းကြောင့် အရပ်ဘက် အကာအကွယ်ပေးမှုများသည် ပိုမိုရရှိနိုင်သော ကိရိယာများကို ပံ့ပိုးပေးကြောင်း သုတေသနက စောဒကတက်သည်။ ဗြိတိန်ရှိ သက်ဆိုင်သူများ၏ အကြံပြုချက်များနှင့်အညီ အဓမ္မလက်ထပ်စေခြင်းကို ရင်ဆိုင်နေရသူများနှင့် ဩစတြေးလျ သုတေသနပြုချက်များအရ တရားရေးဆိုင်ရာအမိန့်သည် ၎င်းတို့၏မိသားစုဝင်များ မဟုတ်ပါက ဖမ်းဆီးတရားစွဲဆိုခံရမည်ကို စိုးရိမ်သော အချို့သူများအတွက် သာလွန်ကောင်းမွန်သော တရားဝင်ရွေးချယ်ခွင့်တစ်ခု ဖြစ်နိုင်ကြောင်း အကြံပြုထားသည်။

ယခင်ပါလီမန်စုံစမ်းစစ်ဆေးမှုများသည် အဓမ္မလက်ထပ်စေခြင်းနှင့် ခေတ်သစ်ကျွန်ပြုမှုပုံစံများအတွက် ဩစတြေးလျ၏တုံ့ပြန်မှုကို ထည့်သွင်းစဉ်းစားထားသည်။ ဤစုံစမ်းမေးမြန်းမှုများအတွက် တင်ပြချက် အများအပြားသည် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ

သို့မဟုတ် အစမ္ပလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် ဥပဒေဘောင်အတွင်း ကွာဟချက်များကို မီးမောင်းထိုးပြထားသည်။ အချို့သောအကာအကွယ်များသည် ကလေးများအတွက် ရနိုင်သော်လည်း အရွယ်ရောက်ပြီးသူများအတွက် တူညီသော အကာအကွယ်များကို မရရှိနိုင်ကြောင်း ၎င်းတို့က အလေးပေးပြောကြားခဲ့သည်။

ဤတင်ပြချက်များတွင် သက်ဆိုင်သူများက ခံရသူ-ကျော်လွှန်လာသူများသည် အသက်အရွယ်နှင့် တည်နေရာမခွဲခြားဘဲ အသက်နှင့်နေရာမခွဲခြားဘဲ အကာအကွယ်များရရှိနိုင်စေရန် တရားရေးဆိုင်ရာ မူဘောင်တစ်ရပ်ကို နိဒါန်းပျိုးရန်အတွက် ထောက်ခံအားပေးခဲ့ကြပြီး၊ စုံစမ်းမေးမြန်းမှုများ၏ နောက်ဆုံးအစီရင်ခံစာများတွင် နိုင်ငံတော်အစိုးရသည် အသက် ၁၈နှစ်အထက်လူတို့အား အစမ္ပလက်ထပ်စေခြင်းဆိုင်ရာ အကာအကွယ်အမိန့်များကို တိုးချဲ့ထည့်သွင်းစဉ်းစားရန် အကြံပြုထားသည်။

ဤစာတမ်းတွင် ဖော်ပြထားသော အဆိုပြုချက်များသည် ဩစတြေးလျ၏ လက်ရှိ အစမ္ပလက်ထပ်စေခြင်းဆိုင်ရာ တုံ့ပြန်မှုကို ဖြည့်ဆည်းပေးမည့် စွက်ဖက်မှုနှင့် တားဆီးကာကွယ်ရေးနည်းလမ်းများကို မြှင့်တင်ခြင်းဖြင့် သို့မဟုတ် အစမ္ပလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အစမ္ပလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် အချိန်နှင့်အမျှ အရေးကြီးသောရလဒ်များကို ရရှိစေနိုင်သည်။

ယူကေ၏ အတွေ့အကြုံအပြင် ယနေ့အထိ အစုအဖွဲ့များ၏ တုံ့ပြန်ချက် နှင့်အတူ တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများကို ခိုင်မာသော ပံ့ပိုးကူညီမှုစနစ် နှင့် အစမ္ပလက်ထပ်စေခြင်းကြောင့် ထိခိုက်ခံစားရဆုံးသော လူမှုအသိုင်းအဝိုင်းများနှင့်အတူ ထုံးတမ်းစဉ်လာအရ သင့်လျော်သော ပညာရေးနှင့် အသိအမြင်တိုးပွားရေး ပညာပေးမှုများ လိုအပ်ကြောင်း ပြသသည်။ ဤဆွေးနွေးချက်စာတမ်းတွင် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု ဝန်ဆောင်မှုစနစ်များမှတစ်ဆင့် ပညာရေးနှင့် အသိအမြင်တိုးပွားမှု လှုပ်ရှားမှုများအပါအဝင် ပံ့ပိုးမှုများအပေါ် အမြင်များကို ရယူထားသည်။ FMSSP အသစ်သည် ရရှိနိုင်သော အတင်းအကြပ် လက်ထပ်ရန် အန္တရာယ်ရှိသူများ သို့မဟုတ် အစမ္ပလက်ထပ်ရန် အန္တရာယ်ရှိသူများအတွက် ရရှိနိုင်သော အထောက်အပံ့များကို အားကောင်းလာစေရန်အတွက်လည်း သိသိသာသာ ပံ့ပိုးပေးမည်ဖြစ်ပါသည်။

## တုံ့ပြန်ချက်အတွက် အဆိုပြုချက်

အောက်ဖော်ပြပါ ကဏ္ဍများသည် အစမ္ပလက်ထပ်စေခြင်း အတွက်တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်းဆိုင်ရာ အကြံပြုချက်များနှင့် ဓနသဟာယဥပဒေမှတစ်ဆင့် ယင်းတို့ကို ထူထောင်ရန် ရွေးချယ်မှုများ သို့မဟုတ် လက်ရှိမိသားစုနှင့် အိမ်တွင်း အကြမ်းဖက်မှုဆိုင်ရာ မူဘောင်များတွင် အဆင့်မြှင့်တင်မှုများ ပေါင်းစည်းခြင်းဖြင့် အောက်ပါ ကဏ္ဍများသည် အကြံပြုချက်ရယူသည်။ ယင်းတို့ကို တည်ထောင်ရန် အဆိုပြုထားသော အဓိကလက္ခဏာများနှင့် ရွေးချယ်စရာများသည် ဩစတြေးလျအစိုးရအားလုံး၏ ဆွေးနွေးမှုနှင့် ဆက်လက်ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။

### ပိုမိုကောင်းမွန်သော တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများမြှင့်တင်ပေးရာတွင် ရွေးချယ်စရာများ

ဩစတြေးလျအစိုးရများသည် အစမ္ပလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်း ထူထောင်ရန် ရွေးချယ်မှုများကို စဉ်းစားနေပါသည်။ ဤရွေးချယ်စရာနှစ်ခုတွင်-

- **ရွေးချယ်မှု အေ**- လက်ရှိဓနသဟာယ၊ ပြည်နယ်နှင့် နယ်မြေ မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု မူဘောင်များတွင် မြှင့်တင်ထားသော အကာအကွယ်များကို ပေါင်းစည်းခြင်း၊
    - ၎င်းတို့တွင် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် အခြားသက်ဆိုင်ရာ မူဘောင်များတွင် အလျဉ်းသင့်သလို ပေါင်းစည်းရန် တရားစီရင်ပိုင်ခွင့်များအတွက် ပိုမိုကောင်းမွန်သော အကာအကွယ်များ မျှဝေထားသော အခြေခံမူများ သို့မဟုတ် အင်္ဂါရပ်များကို တီထွင်ခြင်းနှင့် သဘောတူခြင်းတို့တွင် ပါဝင်နိုင်သည်။
- **ရွေးချယ်မှု ဘီ**- ပြည်နယ်နှင့် နယ်မြေအစိုးရများ၏ အကောင်အထည်ဖော်မှုပံ့ပိုးမှုဖြင့် ဓနသဟာယဥပဒေများ မှတစ်ဆင့် အကာအကွယ်အသစ်များ ထူထောင်ခြင်း။

## *ရွေးချယ်မှု အေ- မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု မူဘောင်များနှင့် ပေါင်းစည်းခြင်း*

ရွေးချယ်မှု အေ သည် လက်ရှိနိုင်ငံတော်၊ ပြည်နယ်နှင့် နယ်မြေ မိသားစုနှင့် အိမ်တွင်းမူဘောင်များတွင် ပိုမိုကောင်းမွန်သော တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများကို ပေါင်းစည်းရန်၊ ရှိပြီးသား ကျွမ်းကျင်မှုနှင့် စနစ်များကို တည်ဆောက်ရန် ကြိုးပမ်းမည်ဖြစ်သည်။

သုတေသနသည် အဓမ္မလက်ထပ်စေခြင်းနှင့် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံတစ်ခုအဖြစ် အဓမ္မထိန်းချုပ်ခြင်းကြားတွင် ဆက်စပ်မှုရှိပြီး ကျူးလွန်သူများသည် အချိန်ကြာလာသည်နှင့်အမျှ ကလေးများနှင့် လူကြီးများကို အိမ်ထောင်ပြုစေရန် ရိုင်းစိုင်းသော အပြုအမူများကို အသုံးပြုသည့် ဆက်စပ်မှုရှိသည်။ ဤရွေးချယ်မှုသည် လက်ရှိမိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ မူဘောင်များနှင့် ကျွမ်းကျင်မှုအပေါ် တည်ဆောက်ထားသည့် ဤချိတ်ဆက်မှုများကို ထင်ဟပ်စေရန် ကြိုးပမ်းသည်။ မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုမူဘောင်များသည် တရားစီရင်ပိုင်ခွင့်များတစ်လျှောက် ကွဲပြားကြပြီး အချို့သောတရားစီရင်ပိုင်ခွင့်များတွင်၊ အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးများကို အခြားမူဘောင်များတွင် ပေါင်းစည်းရန် ပိုမို သင့်လျော်ပါသည်။ ဥပမာအားဖြင့်၊ Tasmania တွင် *Family Violence Act 2004* (Tas) သည် လူတစ်ဦး၏အိမ်ထောင်ဖက် သို့မဟုတ် အတူနေရင်းနှီးသူတစ်ဦးတည်းက ကျူးလွန်သောအပြုအမူများကို ကိုင်တွယ်ဖြေရှင်းပြီး အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများကို ထည့်သွင်းရန် ပိုမိုကောင်းမွန်စေနိုင်သည်။

လက်ရှိစနစ်များနှင့် ပေါင်းစည်းခြင်းသည် အထူးတရားရုံးများ၊ အကာအကွယ်များနှင့် အကူအညီများ အပါအဝင် ပိုမိုကျယ်ပြန့်သော မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ပံ့ပိုးကူညီမှုများသို့ ချိတ်ဆက်ရန် အခွင့်အလမ်းတစ်ခု ပေးပါသည်။ ရှိပြီးသားစနစ်များကို တည်ဆောက်ခြင်းဖြင့် အဓမ္မ လက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်း ခံရနိုင်မည့်သူများသည် ၎င်းတို့လိုအပ်သော ပံ့ပိုးမှုနှင့် အကာအကွယ်ကိုရရှိရန် မတူညီသောတရားရုံးများနှင့် စနစ်များကိုဖြတ်သန်းရန်လိုအပ်သည့်အန္တရာယ်ကို လျှော့ချနိုင်သည်။

မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုမူဘောင်များတွင် အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ အကာအကွယ်များကို ပေါင်းစည်းရန်၊ ပိုမိုကောင်းမွန်သော ကာကွယ်မှုနှင့် ကုစားမှုများကို အကောင်အထည်ဖော်ရန်အတွက် ဩစတြေးလျအစိုးရများအားလုံးသည် ၎င်းတို့၏မူဘောင်များကို ပြင်ဆင်ရန် သဘောတူရန် လိုအပ်ပါသည်။ ဤပုံစံသည် တရားစီရင်ပိုင်ခွင့်အာဏာတစ်ခုစီတွင် (သင့်လျော်သည့်နေရာတွင်) ဥပဒေပြုရေးဆိုင်ရာ ပြင်ဆင်မှုများ လိုအပ်မည်ဖြစ်ပြီး ကွဲပြားခြားနားသော ဥပဒေပြုရေးဆိုင်ရာ မူဘောင်များနှင့် တရားစီရင်ပိုင်ခွင့်များတစ်လျှောက် ချဉ်းကပ်မှုများကြောင့် ရှုပ်ထွေးနိုင်ပါသည်။

ရဲအရာရှိများနှင့် အခြားရှေ့တန်းအရာရှိများ၊ ဝန်ဆောင်မှုပေးသူများ၊ တရားရုံးများနှင့် တရားစီရင်ရေးမဏ္ဍိုင်နှင့် ရပ်ရွာလူထုများ အပါအဝင် အကောင်အထည်ဖော်မှုကို ပံ့ပိုးရန်အတွက် ခိုင်မာသောပညာရေး၊ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် တည်ဆောက်ရေးတို့လည်း လိုအပ်မည်ဖြစ်သည်။ ဓနသဟာယနှင့် ပြည်နယ်နှင့် နယ်မြေအဆင့် နှစ်ခုလုံးရှိ မတူညီသော အေဂျင်စီများနှင့် ဝန်ဆောင်မှုပေးသူများအကြား ခိုင်မာသော ညှိနှိုင်းဆောင်ရွက်မှုသည် အဓိကကျမည်ဖြစ်သည်။

တရားစီရင်ပိုင်ခွင့်များကြားတွင် သတင်းအချက်အလက်မျှဝေခြင်းသည် အရေးကြီးမည်ဖြစ်ပြီး၊ ဩစတြေးလျနိုင်ငံတစ်ဝှမ်းရှိ အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာအမိန့်များအားလုံးကို ဩစတြေးလျနိုင်ငံတစ်ဝှမ်းတွင် အလိုအလျောက်အသိအမှတ်ပြုပြီး ကျင့်သုံးနိုင်စေမည့် National Domestic Violence Order Scheme (NDVOS) မှတဆင့် ပံ့ပိုးပေးနိုင်ပါသည်။

*အခြေခံမှုများ မျှဝေခြင်း*

ပထမဥပမာတွင်၊ စီရင်ပိုင်ခွင့်အာဏာများသည် ၎င်းတို့၏မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုမှုဘောင်များ သို့မဟုတ် အခြား သက်ဆိုင်ရာမူဘောင်များတွင် အလျဉ်းသင့်သလို ပေါင်းစည်းမည့် ပိုမိုကောင်းမွန်သောကာကွယ်မှုဆိုင်ရာ မျှဝေထားသော အခြေခံမှုများ သို့မဟုတ် အင်္ဂါရပ်များ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ရွေးချယ်မှု အေ ကို တိုးတက်စေနိုင်သည်။

အခြေခံမှုများ သို့မဟုတ် အင်္ဂါရပ်များသည် အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်းအတွက် တရားစီရင်ပိုင်ခွင့်အားလုံး၏ ချဉ်းကပ်မှုကို အထောက်အပံ့ဖြစ်စေပါသည်။ ဤစာတမ်း၏ အပိုင်း ၁ နှင့် ၂ ပါ အဆိုပြုချက်များကို အကောင်အထည်ဖော်ရန်လည်း လမ်းညွှန်နိုင်သည်။

တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်း၏ အခြေခံမှုများ သို့မဟုတ် အင်္ဂါရပ်များကို သဘောတူခြင်းဖြင့်၊ အစိုးရများသည် အဆိုပါလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ကတိကဝတ်ပြုကာ အကောင်အထည်ဖော်မှုပျော့ပြောင်းမှုကို ဆက်လက် ထိန်းသိမ်းထားမည်ဖြစ်သည်။ တရားစီရင်ပိုင်ခွင့်အာဏာများသည် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ မူဘောင်များကဲ့သို့သော လက်ရှိယန္တရားများကို အသုံးပြုရန်၊ မူဘောင်အသစ်များ တည်ထောင်ရန် သို့မဟုတ် အခြေခံမှုများကို ထည့်သွင်းရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် အခြားနှစ်သက်သောနည်းလမ်းများကို အသုံးပြုရန် ရွေးချယ်နိုင်သည်။

***ရွေးချယ်မှု ဘီ- နိုင်ငံတော်၏ သီးခြားဥပဒေ***

ရွေးချယ်ခွင့် ဘီသည် နိုင်ငံတော်၏ သီးခြားအက်ဥပဒေဖြင့် အဓမ္မလက်ထပ်ခြင်းအမိန့်အသစ်ကို ချမှတ်မည်ဖြစ်သည်။ ရွေးချယ်ခွင့် အေတွင် အဆိုပြုထားသည့်အတိုင်း အလားတူ ကာကွယ်မှုရလဒ်များရရှိရန် ကြိုးပမ်းမည်ဖြစ်သည်။

နိုင်ငံတော်၏ သီးခြားဥပဒေသည် တရားစီရင်ပိုင်ခွင့်အားလုံးတွင် ညီတူညီမျှနှင့် တသမတ်တည်း ကျင့်သုံးသည့် နိုင်ငံလုံးဆိုင်ရာ ဥပဒေများကို ထူထောင်ရန် အခွင့်အရေးတစ်ခု ပေးပါသည်။ အက်ဥပဒေသည် တရားရုံးများတွင် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများ၏ တားဆီးကာကွယ်ရေးနှင့် အကာအကွယ်လိုအပ်ချက်များကို ဖြေရှင်းပေးရန် တရားရုံးများကို အမိန့်ပေးမည်ဖြစ်သည်။

ရွေးချယ်ခွင့် အေကဲ့သို့ပင်၊ ရွေးချယ်ခွင့် အေ သည် နိုင်ငံတော်အမိန့်များကို လက်လှမ်းမီနိုင်၊ အချိန်မီနှင့် ထိရောက်မှုရှိစေရန်အတွက် တရားစီရင်ပိုင်ခွင့်အားလုံးအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းမှုကို လိုအပ်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့်၊ နိုင်ငံတော်အမိန့်များအတွက် လျှောက်ထားမှုများကို ကြားနာရန် ပြည်နယ်နှင့် နယ်မြေတရားရုံးများသို့ စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်းဖြင့် အောင်မြင်နိုင်သည်။ တရားစီရင်ပိုင်ခွင့်များအကြား ထိရောက်သော ဆက်သွယ်မှုနှင့် သတင်းအချက်အလက် မျှဝေခြင်းလုပ်ငန်းစဉ်များသည် NDVOS ကို ထည့်သွင်းစဉ်းစားခြင်းအပါအဝင် ညှိနှိုင်းဆောင်ရွက်မှုနှင့် ထိရောက်သော ပေါင်းစပ်မှုအတွက် အရေးကြီးပါသည်။ အလားတူ၊ ရွေးချယ်ခွင့် ဘီ သည် အမိန့်ပေးဆောင်ခြင်းနှင့် အမိန့်များ ပြဋ္ဌာန်းရာတွင် ပြည်နယ်နှင့် နယ်မြေရဲများ၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားနိုင်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တသမတ်တည်းဖြစ်နေသော်လည်း၊ ဤပုံစံသည် အကာအကွယ်နှင့် ပံ့ပိုးမှုရယူရန် လျှောက်ထားသူများသည် စနစ်များစွာကို ဝင်ရောက်အသုံးပြုရန် လိုအပ်ပါသည်။ ရဲအရာရှိများနှင့် အခြားရှေ့တန်းအရာရှိများ၊ ဝန်ဆောင်မှုပေးသူများ၊ တရားရုံးများနှင့် တရားစီရင်ရေးမဏ္ဍိုင်နှင့် ရပ်ရွာလူထုများအပါအဝင် ၎င်းတို့နှင့်ပတ်သက်သော ပညာပေးခြင်း နှင့် အသိပညာပေးခြင်း အသိပညာပေးခြင်းတို့သည် အန္တရာယ်များကို လျော့ပါးသက်သာစေရန် ထပ်မံအရေးကြီးမည်ဖြစ်ပါသည်။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

8. သြစတြေးလျတွင် အဓမ္မလက်ထပ်စေခြင်းကို တုံ့ပြန်ရန်နှင့် တားဆီးရန် လက်ရှိ တရားဝင်ကာကွယ်မှုများတွင် ကွာဟချက်ရှိသည်ဟု သင်ထင်ပါသလား။ ထင်ပါက ဤကွာဟချက်များသည် အဘယ်နည်း

9. ဤစာတမ်းတွင် တရားရေးဆိုင်ရာ ဥပဒေ အကာအကွယ်များ ခိုင်မာစေရန်အတွက် ရွေးချယ်စရာနှစ်ခုကို ဆွေးနွေးထားပါသည်။ ရွေးချယ်မှု အေ (ရှိပြီးသားဥပဒေများကို မျှဝေထားသောမူများအားဖြင့် ဖြစ်နိုင်သည်) နှင့် ရွေးချယ်မှု ဘီ (သီးသန့်နိုင်ငံတော်ဥပဒေများကို မိတ်ဆက်)။ ဤအကောင်အထည်ဖော်မှုရွေးချယ်စရာနှစ်ခုထဲမှ မည်သည့်အရာသည် အထိရောက်ဆုံး ဖြစ်ပါသနည်း၊ အဘယ်ကြောင့်နည်း။ မည်သည်များက အဓိကအန္တရာယ်များ ဖြစ်ပါသလဲ။ ထည့်သွင်းစဉ်းစားသင့်သော အခြားရွေးချယ်စရာများ ရှိပါသလား။

10. Uရွေးချယ်ခွင့် အေ၊ မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု မူဘောင်များအတွက် အခြားသော တရားရေးဆိုင်ရာ ကာကွယ်ရေး မူဘောင်များ ရှိပါသလား၊

တိုးမြှင့်ထားသော ပြည်သူ့ကာကွယ်ရေးနှင့် ကုစားမှုများ - အဓိကအင်္ဂါရပ်များ

*အမိန့်စာများအတွက် အကြောင်းပြချက်များ*

'အမိန့်စာအတွက် အကြောင်းပြချက်များ' သည် တရားရုံးတစ်ခုက အမိန့်ပေးနိုင်ပြီး ဥပဒေပြုရာတွင် ဖော်ပြထားသည့် အကြောင်းပြချက်ဖြစ်သည်။

ဥပမာအားဖြင့်၊ ပြည်နယ်နှင့် နယ်မြေ တရားရေးဆိုင်ရာ ကာကွယ်ရေးမူဘောင်များသည် လူတစ်ဦးချင်းစီအား တရားရေးဆိုင်ရာ ကာကွယ်ရေးများပေးရန်အတွက် လုံလောက်သော အကြောင်းပြချက်ဖြစ်ရန် အကြမ်းဖက်မှုများ ဖြစ်တည်မှု သို့မဟုတ် မျှော်လင့်ခြင်းအား ယေဘုယျအားဖြင့် မှတ်ယူပါသည်။

အဓမ္မလက်ထပ်စေခြင်းအမိန့်အတွက် ဖြစ်နိုင်ချေရှိသော အကြောင်းပြချက်များ-ဆက်စပ်သော တရားရေးဆိုင်ရာ ကာကွယ်ရေးများတွင် လူတစ်ဦးသည် အဓမ္မလက်ထပ်ရမည်ကို ကြောက်ရွံ့ရန် ကျိုးကြောင်းဆီလျော်သော အကြောင်းရင်းများ ရှိကြောင်း တရားရုံးတွင် ကျေနပ်လောက်သည့် ဖြစ်နိုင်ခြေများ ချိန်ခွင်လျှာတွင် ပါဝင်သည်။ ၎င်းသည်-

- လူကို အန္တရာယ်ပြုရန် ခြိမ်းခြောက်မှုများ (သို့မဟုတ် မွေးချင်းကဲ့သို့ အခြားသူတစ်ဦး)၊
- အဓမ္မလက်ထပ်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံရပ်ခြားသို့ ခေါ်ဆောင်ခံရခြင်း သို့မဟုတ်
- ဖြေဆိုသူသည် အိမ်ထောင်ပြုရန် အတင်းအကြပ် ခိုင်းစေသော အပြုအမူပြုမှုခြင်း

ပြည်နယ်နှင့် နယ်မြေဆိုင်ရာ မူဘောင်များတွင် ရှိနှင့်ပြီးသား အကြောင်းရင်းများသည် လက်ရှိ သို့မဟုတ် မျှော်မှန်းထားသည့် အကြမ်းဖက်မှု အပါအဝင် ဆက်နွယ်နေဦးမည်ဖြစ်သည်။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

11. အဓမ္မလက်ထပ်စေခြင်းနှင့် ဆက်စပ်နေသော **မည်သည့်အထောက်အထားများ သို့မဟုတ်** အခြားလုပ်ဆောင်မှုများ၊ အန္တရာယ်များ သို့မဟုတ် ထိခိုက်နစ်နာမှုများကို အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့် တစ်ရပ် ချမှတ်ရာတွင် အကြောင်းရင်းအဖြစ် ထည့်သွင်းစဉ်းစားသင့်ပါသလဲ။

*အမိန့်စာများ၏ အတိုင်းအတာ*

အမိန့်စာများ၏ အတိုင်းအတာသည် အဓမ္မလက်ထပ်စေခြင်းမှ တားဆီးရန်၊ လူတစ်ဦးအား အဓမ္မလက်ထပ်စေခြင်းမှ လွတ်မြောက်စေရန် ကူညီပေးရန် သို့မဟုတ် အဓမ္မလက်ထပ်ခြင်းမှ ကာကွယ်ပေးရန်အတွက် အမိန့်အာဏာများ သို့ ဆောင်ရွက်ချက်များပေါင်းစုံကို အကြမ်းဖျင်းဖော်ပြထားသည် ( အဓမ္မလက်ထပ်စေခြင်းမပြုမီ အပါအဝင်)။

အမိန့်စာများ၏ အတိုင်းအတာသည် ဩစတြေးလျအစိုးရများမှ ဆွေးနွေးစဉ်းစားဆဲဖြစ်ပြီး၊ ရွေးချယ်မည့် အကောင်အထည်ဖော်မှု ယန္တရား (အထက်ပါ ရွေးချယ်ရာအေ နှင့် ဘီအတိုင်း) ပေါ်တွင်လည်း မူတည်ပါသည်။ ဩစတြေးလျအစိုးရများသည် အဓမ္မ လက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများ ကြုံတွေ့နေရသော သိသာထင်ရှားသည့် အန္တရာယ် ရှိနိုင်သည်များနှင့် အန္တရာယ်များကို ဖြေရှင်းနိုင်သည့် တရားရေးဆိုင်ရာ ကာကွယ်ရေးများကို ဦးစားပေးဆောင်ရွက်မည် ဖြစ်ပါသည်။ ဤအမိန့်စာများတွင် အောက်ပါတို့ ပါဝင်နိုင်သည်-

- ဖြေကြားသူတစ်ဦးက ကာကွယ်မှုပေးထားသည့် ပုဂ္ဂိုလ်ပါဝင်နေသော အဓမ္မလက်ထပ်စေခြင်းအတွက် အတင်းအကျပ်ပြု၍၊ အတင်းအကျပ်ပြုမည် ဟန်ပြင်၍၊ ကူညီ၍ လုပ်ဆောင်ခြင်းမှ တားဆီးခြင်း
- ဖြေကြားသူတစ်ဦးက ကာကွယ်မှုပေးထားသူအတွက် နိုင်ငံကူးလက်မှတ် လျှောက်ထားခြင်း၊ လေယာဉ်ပျံဝယ်ယူခြင်း၊ မင်္ဂလာအခမ်းအနားမှူးနှင့် ထိတွေ့ဆက်ဆံခြင်း သို့မဟုတ် လက်ထပ်ထိမ်းမြားရန် လျှောက်လွှာကို ဖြည့်စွက်ခြင်း ကဲ့သို့သော ထိမ်းမြားလက်ထပ်ခြင်းကို ပြုလုပ်ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်း
- ဖြေကြားသူတစ်ဦးမှ အဓမ္မလက်ထပ်စေခြင်း မပျက်စေရန် အတင်းအကျပ်ပြု၍ သို့မဟုတ် အကျပ်ကိုင်၍ ဆောင်ရွက်ခြင်းကို တားဆီးခြင်း
- ဩစတေးလျမှ ကာကွယ်မှုပေးထားသည့် လူတစ်ဦးကို ဖယ်ရှားခြင်းကို တားဆီးခြင်း
- ခြွင်းချက်အခြေအနေများနှင့် လူ့အခွင့်အရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများမှလွဲ၍ ကာကွယ်မှုပေးထားသည့်သူအား နိုင်ငံခြားသို့ခရီးသွားခြင်းမှ တားမြစ်ထားခြင်း
- ခြွင်းချက်အခြေအနေများနှင့် လူ့အခွင့်အရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများမှလွဲ၍ ကာကွယ်မှုပေးထားသည့်သူ ၏ နိုင်ငံကူးလက်မှတ်ကို တရားရုံးတွင် တင်သွင်းလွှဲပြောင်းပေးရန် လိုအပ်ခြင်း
- ဖြေကြားသူအား ကာကွယ်မှုပေးထားသည့်သူ နေရပ်ပြန်ရေးတွင် သတ်မှတ်ထားသည့်နည်းလမ်းဖြင့် ကူညီပေးရန် တောင်းဆိုခြင်း (ဥပမာ- ကာကွယ်မှု ပေးထားသည့်လူအတွက် ဩစတြေးလျသို့ပြန်ရန် လေယာဉ်လက်မှတ်များဝယ်ယူခြင်းကဲ့သို့သော၊ )အပါအဝင် အဓမ္မလက်ထပ်စေခြင်းအတွက် ရည်ရွယ်၍ နိုင်ငံခြားသို့ ခေါ်ဆောင်သွားသူအား ပြန်လည်လက်ခံရေးတွင် ပံ့ပိုးပေးခြင်း
- ဖြေကြားသူမှ ကာကွယ်မှုပေးထားသည့်သူ၏ နေရာကို ထုတ်ဖော်ပြောကြားရန် လိုအပ်ခြင်း
- ဖြေကြားသူမှ အမိန့်အရ တားမြစ်ထားသော အပြုအမူကို လုပ်ဆောင်ရန် အခြားသူတစ်ဦးဦးအား အတင်းအကျပ်လုပ်ခြင်း၊ အကြပ်ကိုင်ခြင်း၊ ကူညီခြင်း သို့မဟုတ် တွန်းအားပေးခြင်းအား တားမြစ်ခြင်း
- ဖြေကြားသူတစ်ဦးအား သီးခြားလုပ်ရပ်များ သို့မဟုတ် ထိခိုက်နစ်နာမှုများကျူးလွန်ခြင်းမှ တားမြစ်ခြင်း။

အထက်ဖော်ပြပါ အဆိုပြုထားသော အတိုင်းအတာသည် လူများနေထိုင်ပုံအပေါ် အခြားရှုထောင့်များမှ သက်ရောက်မှုရှိနိုင်ပြီး၊ ဩစတြေးလျအစိုးရများသည် မရည်ရွယ်ထားသော နောက်ဆက်တွဲအကျိုးဆက်များကို ရှောင်ရှားရန် ဤပြဿနာများကို ထည့်သွင်းစဉ်းစားနေပါသည်။ ဥပမာအားဖြင့် -

- တစ်ဦးချင်းစီ၏ ဗီဇာအစီအစဉ်များသည် ၎င်းတို့၏အိမ်ထောင်ဖက် သို့မဟုတ် မိသားစု၏ ဗီဇာအခြေအနေနှင့် ချိတ်ဆက်ထားနိုင်သောကြောင့် ကာကွယ်မှုပေးသည့်အမိန့်ချမှတ်ခြင်းသည် တာဝန်ယူထားသောသူအား ခံရသူ-ကျော်လွန်လာသူ၏ ဗီဇာအတွက် ပံ့ပိုးမှုကို ဖယ်ရှားစေနိုင်သည်။
- ကျူးလွန်သူသည် အခြားမိသားစုဝင်များဖြစ်သည့် ညီအစ်ကိုမောင်နှမများမှတစ်ဆင့် ခံရသူ-ကျော်လွန်လာသူအား လက်ထပ်စေရန် ထပ်မံဖိအားပေးကြိုးပမ်းနိုင်သောကြောင့်၊ ကာကွယ်မှုပေးသည့်အမိန့်ချမှတ်ခြင်းသည် ခံရသူ-ကျော်လွန်လာသူ မိသားစုဝင်များအား အန္တရာယ်ဖြစ်စေနိုင်ခြေကို တိုးစေနိုင်သည်။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

12. အထက်ဖော်ပြပါ အဆိုပြုထားသော အကာအကွယ်များသည် ကလေးသူငယ်များအပါအဝင် လူများကြုံတွေ့နေရသည့် အဖြစ်အပျက်များဆုံးနှင့် သိသာထင်ရှားသော အန္တရာယ်များနှင့် အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ပါသလား။ မဟုတ်ပါက အခြားမည်သည့်အရာများကို ဖြေရှင်းရမည်နည်း။
13. ထည့်သွင်းစဉ်းစားသင့်သော အဆိုပြုထားသော ကာကွယ်မှုများ၏ အခြားအန္တရာယ်များ သို့မဟုတ် မလိုလားအပ်သော အကျိုးဆက်များ ရှိပါသလား။

*လျှောက်ထားသူများ*

ခံရသူ-ကျော်လွန်လာသူများသည် အသက်အရွယ်၊ ထုံးတမ်းစဉ်လာနှင့် ဘာသာစကားဆိုင်ရာ အဟန့်အတားများ အပါအဝင် အကြောင်းအမျိုးမျိုးအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်အတွက် လျှောက်လွှာတင်ရန် တွန့်ဆုတ်နေနိုင်သည် သို့မဟုတ် မဆောင်ရွက်နိုင်ပါ။ ဤအချက်ကို ဖြေရှင်းရန်အတွက် လူမျိုးစုံအား ခံရသူ-ကျော်လွန်လာသူများကိုယ်စား တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်အတွက် လျှောက်လွှာတင်ခွင့်ပြုရန် အဆိုပြုထားသည်။ ဖြစ်နိုင်ချေရှိသော လျှောက်ထားသူများတွင် အောက်ပါတို့ ပါဝင်နိုင်သည်-

- အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများ
- ကလေးကိုယ်စား မိဘ သို့မဟုတ် အုပ်ထိန်းသူ
- ဆုံးဖြတ်ချက်ချနိုင်စွမ်း မရှိသော အသက် ၁၈နှစ်အထက် တစ်ဦးဦး၏ကိုယ်စား အုပ်ထိန်းသူ
- ရဲအရာရှိများ
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီများနှင့်
- သတ်မှတ်ထားသော လူမှုရပ်ရွာအဖွဲ့အစည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းပေးသူများနှင့်/သို့မဟုတ် အခြားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ

တရားရုံး၏ခွင့်ပြုချက်ဖြင့် ပြင်ပအဖွဲ့အစည်းအား လျှောက်လွှာတင်သွင်းခွင့်ပြုသည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားရာတွင် ကောင်းချက်များလည်း ရှိနိုင်သည်။ လျှောက်ထားသူမျိုးစုံသည် တရားရေးဆိုင်ရာ ကာကွယ်ရေးများကိုရှာဖွေရန် ပိုမိုလွယ်ကူသော

နည်းလမ်းများကို ပံ့ပိုးပေးမည် ဖြစ်သော်လည်း လျှောက်ထားသူသည် ခံရသူ-ကျော်လွန်လာသူ၏ ကောင်းကျိုးအတွက် အကောင်းဆုံး လုပ်ဆောင်နေခြင်းရှိ၊ မရှိ ဆုံးဖြတ်ရန် တရားရုံးအတွက် ခက်ခဲစေခြင်းကဲ့သို့သော အန္တရာယ်များလည်း ရှိနိုင်သည်။

အခြားတရားစွဲဆိုမှုဖြစ်စဉ်တွင် သင့်လျော်ပါက တရားရုံးများသည် လျှောက်လွှာမပါဘဲ ၎င်းတို့၏ကိုယ်ပိုင်အဆိုပြုအမိန့်ကို ချမှတ်နိုင်သည်။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

14. အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်ကို လျှောက်ထားနိုင်သည့် နောက်ထပ်လူများ သို့မဟုတ် အဖွဲ့အစည်းများရှိပါသလား။ ရှိပါက ဘယ်သူလဲ၊ ဘာကြောင့်လဲ။
15. ကာကွယ်ရေးအမိန့်တစ်ခုအတွက် သီးခြားလူတစ်ဦးချင်းစီ သို့မဟုတ် အဖွဲ့အစည်းများကို လျှောက်ထားနိုင်ခွင့်ပေးခြင်းနှင့် ဆက်စပ်သည့် အန္တရာယ်များရှိပါသလား။ ရှိပါက ဤအန္တရာယ်များသည် မည်ကဲ့သို့ လျော့ပါးသွားမည်နည်း။

*ဖြေကြားသူများ*

ူညီ တစ်နည်းဆိုရသော် အမိန့်နှင့်အညီ ပြုမူဆောင်ရွက်ရမည့် အပြုအမူကို ပြောင်းလဲရမည့်သူ ဖြစ်ပါသည်။ တရားစီရင်ပိုင်ခွင့် အာဏာများတွင် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်အတွက် လျှောက်ထားသောအခါ မည်သူက ဖြေဆိုနိုင်သည်ဟူသော စည်းမျဉ်း အမျိုးမျိုးရှိသည်။ ဥပမာအားဖြင့်၊ အချို့သော တရားစီရင်ပိုင်ခွင့်အာဏာ၏ မိသားစုနှင့်အိမ်တွင်းအကြမ်းဖက်မှု မူဘောင်များသည် မိသားစုဝင်အရင်း သို့မဟုတ် အတူနေရင်းနှီးသူများကိုသာ အမိန့်ချမှတ်ခွင့်ပြုသည်။ မိသားစုဥပဒေ ၁၉၇၅ (Cth) အရ မိဘအုပ်ထိန်းမှုအမိန့်သည် တရားရုံးမှ ကလေး၏ ကျန်းမာပျော်ရွှင်ရေးအတွက် သင့်လျော်သည်ဟုယူဆပါက မည်သူကိုမဆို တားမြစ်အမိန့်ချနိုင်သည်။

အဓမ္မလက်ထပ်စေခြင်း တရားရေးဆိုင်ရာကာကွယ်ရေး တိုးမြှင့်ရန်အတွက် သြစတြေးလျအစိုးရများသည် ဖြေဆိုသူများကို သတ်မှတ်ရန် သင့်လျော်မည် သို့မဟုတ် သင့်လျော်သည်ဟု ယူဆသော မည်သူမဆို ချမှတ်နိုင်သည့် တရားရုံးဆုံးဖြတ်ချက်ကို ချမှတ်ရန် သင့်လျော်မှုရှိမရှိ ထည့်သွင်းစဉ်းစားနေသည်။ အဓမ္မလက်ထပ်စေခြင်းကိစ္စများတွင် အန္တရာယ်ဖြစ်စေနိုင်သောသူသည် မိသားစုဝင် မဟုတ်နိုင်ပါ။ ဥပမာအားဖြင့်၊ ရည်ရွယ်ထားသော အိမ်ထောင်ဖက် သို့မဟုတ် လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်တစ်ဦးသည် လူတစ်ဦးကို လက်ထပ်ရန် အတင်းအကြပ် ကြိုးပမ်းနိုင်သည်။

ဖြစ်နိုင်ချေရှိသော ဖြေဆိုသူများတွင်-

- မိဘများအပါအဝင်မိသားစုဝင်များနှင့် တစ်ဘက်မိသားစုဝင်များ
- အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူ၏ လက်ထပ်မည့် အိမ်ထောင်ဖက်
- ဘာသာရေး၊ ထုံးတမ်းစဉ်လာ သို့မဟုတ် တရားဝင် အခမ်းအနားများ အပါအဝင် မင်္ဂလာပွဲအခန်းအနားစီစဉ်သူများ
- အဓမ္မလက်ထပ်ခြင်းကို ဖြစ်စေရန် အတင်းအကျပ်လုပ်ခြင်း၊ လုပ်ရန် ကြိုးပမ်းခြင်း၊ ကူညီခြင်း၊အားပေးခြင်းအပါအဝင် အခြားလူတစ်ဦးအား လက်ထပ်စေရန် အကျပ်ကိုင်ခြင်းတွင် ပါဝင်ပတ်သက်နေသောသူ/များ

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

16. အစေမှုလက်ထပ်စေခြင်းဆိုင်ရာ တရားရေးဆိုင်ရာ ကာကွယ်ရေးပေးမှုများအတွက် ဖြေကြားနိုင်သူအပေါ် ကန့်သတ်ချက်များ ရှိသင့်ပါသလား။ ရှိပါက ၎င်းတို့ကို မည်သို့သတ်မှတ်သင့်သည် (ဥပမာ မိသားစုဝင်များသာ)။

*ခံရသူ-ကျော်လွန်လာသူ အေဂျင်စီ*

ခံရသူ-ကျော်လွန်လာသူများ၏ဆန္ဒကို ထည့်သွင်းစဉ်းစားရာတွင် ၎င်းတို့သည် ၎င်းတို့၏အေဂျင်စီအား လျှော့ကျထားစေသောအခါ တရားရေးဆိုင်ရာကာကွယ်ရေးနှင့် ပြုပြင်ရေးများ လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များမှတစ်ဆင့် ၎င်းတို့၏ အေဂျင်စီကို ကျင့်သုံးဆောင်ရွက်နိုင်ကြောင်း သေချာစေရန်အတွက် အရေးကြီးပါသည်။ ၎င်းသည် ခံရသူ-ကျော်လွန်လာသူများ၏ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ထိခိုက်စေနိုင်သည့် မည်သည့်အမိန့်များအတွက်မဆို အထူးသဖြင့် သက်ဆိုင်သည် - ဥပမာအားဖြင့် လူတစ်ဦးအား အစေမှုလက်ထပ်စေခြင်းအတွက် နိုင်ငံရပ်ခြားသို့ ခေါ်ဆောင်သွားခြင်းကို ရပ်တန့်ရန်။

မိသားစုဝင် သို့မဟုတ် လူမှုအသိုင်းအဝိုင်းဝင်များက တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်များကို သဘောတူညီမှု မပြုကြောင်း သို့မဟုတ် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်များကို ဆက်လက်လုပ်ဆောင်ရန် ဆန္ဒမရှိကြောင်းကို အစေမှုလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အစေမှုလက်ထပ်ခြင်းခံရနိုင်မည့်သူများအား ဖိအားပေးသော သာဓကများလည်း ရှိနိုင်သလို၊ ဤကိစ္စများတွင် ခံရသူ-ကျော်လွန်လာသူများကို ပံ့ပိုးကူညီရန် အရေးကြီးပါသည်။

အဆိုပါစိုးရိမ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အမိန့်ချသည့်အခါ အကာအကွယ်ပေးရမည့်သူ၏ဆန္ဒနှင့် ခံစားချက်တို့ကို တရားရုံးက ထည့်သွင်းစဉ်းစားရန် ပြဋ္ဌာန်းချက်တစ်ရပ်ကို အဆိုပြုထားသည်။ ၎င်းသည် အစေမှုလက်ထပ်စေခြင်းကို ကြုံတွေ့ရနိုင်သော လူတစ်ဦးအား ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ဖိအားများနှင့် အစေမှုလက်ထပ်စေခြင်းကို ကြုံတွေ့ရနိုင်သည်ကိုလည်း အသိအမှတ်ပြုထားစဉ် ၎င်းသည် အကာအကွယ်ပေးခံရသူ၏ အေဂျင်စီကို ဦးစားပေး လုပ်ဆောင်ခွင့်ပြုသည်။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

17. အမိန့်ပယ်ဖျက်ရန် အတင်းအကျပ် ဖိအားပေးခံရခြင်းကြောင့် ခံရသူ-ကျော်လွန်လာသူများ၏ အန္တရာယ်ကို မည်သို့ဖြေရှင်းနိုင်မည်နည်း။
18. အစေမှုလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်များကို ကြားနာခြင်းနှင့် ချမှတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွင် ကလေးသူငယ်များအပါအဝင် ခံရသူ-ကျော်လွန်လာသူများ၏ အမြင်များကို မည်သို့ အကောင်းဆုံးရှာဖွေပြီး ထည့်သွင်းနိုင်မည်နည်း။

*တရားစီရင်ရေးဆိုင်ရာ အကာအကွယ်များနှင့် တရားဥပဒေ လုပ်ငန်းစဉ်များမှတဆင့် အကူအညီများ*

လက်ရှိတွင်၊ တရားစီရင်ပိုင်ခွင့်အာဏာများတွင်
တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်များအတွက် လျှောက်ထားသောအခါ ထိခိုက်လွယ်သော သို့မဟုတ် အထူးသက်သေများ အတွက် အပါအဝင် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုစနစ်များမှ အကာအကွယ်များ ရရှိနိုင်သည်။ အစေမှုလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အစေမှုလက်ထပ်ခြင်း ခံရနိုင်မည့်သူများအတွက် အခြား ထိခိုက်လွယ်သော သက်သေများကဲ့သို့ပင် တူညီသော တရားခွင် အကာအကွယ်များကို ပေးဆောင်သင့်သည်ဟု အဆိုပြုထားသည်။

တရားခွင်အတွင်း အကာအကွယ်များသည် သက်သေများအား ခြိမ်းခြောက်မှုကို ဟန့်တားနိုင်ပြီး ၎င်းတို့၏ လုံခြုံမှုနှင့် ကျန်းမာပျော်ရွှင်ရေးကို ပံ့ပိုးပေးနိုင်သည်။ အခြေအနေများပေါ်မူတည်၍ ကာကွယ်မှုများတွင် အောက်ပါတို့ ပါဝင်နိုင်သည်-

- ခံရသူ-ကျော်လွန်လာသူသည် ဖြေကြားသူကို မမြင်ကြောင်း သေချာစေရန် အစီအစဉ်များ ဥပမာအားဖြင့် အကာအရံကို အသုံးပြု၍ သို့မဟုတ် ရုပ်မြင်သံကြားလင့်ခ်မှတစ်ဆင့် သက်သေအထောက်အထား ပေးခြင်းဖြင့်၊
- တရားရုံးတွင် ပံ့ပိုးအားပေးသူ ထားပေးခြင်း
- ပိတ်ထားသော တရားရုံးမှာ သက်သေထွက်ဆိုခြင်း
- မိမိကိုယ်ကို ကိုယ်စားပြုသောဖြေဆိုသူများမှ အပြန်အလှန် မေးခွန်းထုတ်ခွင့် မပြုခြင်း။

ထို့အပြင်၊ မိသားစုဥပဒေတရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးသည့်တရားရုံးများသည် အချို့သောအခြေအနေများတွင် ကလေးများနှင့် ပတ်သက်သည့်ကိစ္စများတွင် လွတ်လပ်သော ကလေးသူငယ်ရှေ့နေများကို တာဝန်ပေးနိုင်စွမ်းရှိသည်။

အခြားဝန်ဆောင်မှုများနှင့် လုပ်ဆောင်ချက်များသည်လည်း တရားရေးဆိုင်ရာကာကွယ်ရေးများလျှောက်ထားရာတွင် ပါဝင်သည့် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် ပံ့ပိုးကူညီမှုကို ချောမွေ့စေရန် သင့်လျော်နိုင်သည်-

- ပထမဆုံးကြားသိရသူများ၊ ဥပဒေဝန်ထမ်းများ၊ တရားရုံးများနှင့် တရားစီရင်ရေးမဏ္ဍိုင်များအတွက် ပညာရေးနှင့် အသိအမြင်-တိုးပွားမှု မြှင့်တင်ပေးခြင်း (အပိုင်း ၂ ကိုကြည့်ပါ)
- ထုံးတမ်းစဉ်လာနှင့် ဘာသာစကား မတူကွဲပြားသော အသိုက်အဝန်းများမှ ခံရသူ-ကျော်လွန်လာသူများ အပါအဝင် ခံရသူ-ကျော်လွန်လာသူများအား ၎င်းတို့၏ လျှောက်လွှာတင်သွင်းခြင်းတွင် ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ
- FMSSP ကဲ့သို့သော အစိုးရမှ ရန်ပုံငွေပံ့ပိုးပေးသည့် ဝန်ဆောင်မှုများထံ အန္တရာယ်ရနိုင်မည့်သူများအား လွှဲပြောင်းရန် နည်းလမ်းများ။

ဩစတြေးလျအစိုးရများသည် အဓမ္မလက်ထပ်စေခြင်း၏ ခံရသူ-ကျော်လွန်လာသူများအတွက် အထောက်အပံ့များ အားကောင်းလာစေရန်အတွက် အခွင့်အလမ်းများဆိုင်ရာ အမြင်များကို ကြိုဆိုလက်ခံပါသည်။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

19. တရားရေးဆိုင်ရာ ကာကွယ်မှုလျှောက်ထားစဉ် ပံ့ပိုးမှုပေးရာတွင် ကလေးသူငယ်များအပါအဝင် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် အခြားမည်သည့် အထောက်အပံ့များ ရှိသင့်သနည်း။ ဥပမာအားဖြင့်၊ လျှောက်လွှာတင်ခြင်းရာတွင် အပိုဆောင်းပံ့ပိုးမှုများ သို့မဟုတ် တရားခွင်အတွင်း အပိုဆောင်းကာကွယ်မှုများ။

### *ကြားဖြတ်အမိန့်များနှင့် အခြားဘက်မပါသော ကြားနာမှုများ*

ကြားဖြတ်နှင့်/ သို့မဟုတ် အခြားဘက်မပါသော အမိန့်စာများသည် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့် လျှောက်ထားခြင်းများကို အခြားဘက်အား အသိမပေးဘဲ အရေးပေါ်ကြားနာရန် ခွင့်ပြုပါသည်။ ၎င်းတို့သည် ယေဘုယျအားဖြင့် အချိန်အကန့်အသတ်ရှိပြီး ထိုလျှောက်ထားခြင်းကို ပုံမှန်တရားရုံးလုပ်ငန်းစဉ်မှတစ်ဆင့် ကြားနာသည်အထိ ကာကွယ်မှုများရရှိနိုင်စေမည် ဖြစ်ပါသည်။

တရားရုံးများသည် ယေဘုယျအားဖြင့် ကြားဖြတ် သို့မဟုတ် အခြားဘက်မပါသော အမိန့်စာများချမှတ်ရန် တာဝန်ရှိသည်။ သို့သော်လည်း တရားစီရင်ပိုင်ခွင့်အာဏာအားလုံးတွင် ရဲအရာရှိများသည် အခြေအနေအချို့တွင် ကြားဖြတ်အမိန့်ကို ချမှတ်နိုင်ကြသည်။ ဥပမာအားဖြင့်၊ ရဲအရာရှိများသည် ကာကွယ်မှုပေးထားသည့်လူတစ်ဦး၏ လတ်တလော ဘေးကင်းရေးအတွက် မကြာခဏ ကြားဖြတ်အမိန့် ချမှတ်ခြင်း၊ သို့မဟုတ် ကြားဖြတ်အမိန့်စာများကို တယ်လီဖုန်းမှတစ်ဆင့် လျှောက်ထားခြင်း ပြုလုပ်နိုင်သည်။

အစမ္မလက်ထပ်ခြင်း ခံရသူ-ကျော်လွန်လာသူများသည် ဩစတေးလျမှ အထွက်လူကုန်ကူးခံရခြင်းအန္တရာယ်အပါအဝင် ၎င်းတို့၏ ဖြစ်နိုင်ဖွယ်များသော အန္တရာယ်ရှိနိုင်သည်များစွာကို ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့် လျှောက်ထားခြင်းအတွက် တရားရုံး၏ အပြီးသတ်စီရင်ချက် စောင့်ဆိုင်းနေစဉ် ခံရသူ-ကျော်လွန်လာသူများ၏ လုံခြုံရေးအတွက် လိုအပ်ပါက တရားရုံးများမှ ကြားဖြတ်နှင့်/ သို့မဟုတ် အခြားဘက်-မပါသော အမိန့်စာများကို ထုတ်ပေးသင့်သည်ဟု အဆိုပြုထားပါသည်။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

20. အစမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အစမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် ကြားဖြတ်အမိန့်ချမှတ်ရာတွင် မည်သည့် သက်ဆိုင်သော အကြောင်းရင်းများ ရှိသင့်ပါသနည်း။
21. ကြားဖြတ်အမိန့်စာများတွင် အဆိုပြုထားသည့် အမိန့်စာများ၏ အတိုင်းအတာအားလုံး မပါစေကာမူ၊ အချို့ပါဝင်နိုင်ရန် ကန့်သတ်ထားသင့်ပါသလား(အမိန့်စာများ၏ အတိုင်းအတာပါအတိုင်း)။ သို့ပါက မည်သည့် ကာကွယ်မှုများ ပါဝင်သင့်သည် သို့မဟုတ် ဖယ်ထုတ်သင့်ပါသလဲ၊ အဘယ်ကြောင့်နည်း။
22. အစမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အစမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် ကြားဖြတ်အမိန့်၏ အကြောင်းရင်းကို စဉ်းစားသည့်အခါ အစမ္မလက်ထပ်စေခြင်း၏ အန္တရာယ်ကို ညွှန်ပြနိုင်သည့်အပြင် ရဲတပ်ဖွဲ့က ထည့်သွင်းစဉ်းစားမည့် အထောက်အထားမျိုးက အဘယ်နည်း။

*ဝန်ဆောင်မှုလုပ်ငန်း၊ ဥပဒေတည်မြဲရေး နှင့် ဥပဒေချိုးဖောက်မှုများ*

ရဲအရာရှိများသည် ဩစတြေးလျတွင် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်များကို ထုတ်ပြန်ရာတွင် ယေဘုယျအားဖြင့် တာဝန်ရှိကြပါသည်။ ရဲတပ်ဖွဲ့မှ ထုတ်ပြန်သည့်အမိန့်ရှိခြင်းသည် ဖြေကြားသူတစ်ဦးသည် အမိန့်ကို သိရှိနားလည်ထားပြီး၊ ကာကွယ်မှုပေးထားသူ၏ ဘေးကင်းရေးဆိုင်ရာတာဝန်ခံမှုနှင့် စိတ်ချရမှု မြင့်တင်ပေးရာတွင် အာမခံချက် ပေးနိုင်ပါသည်။

အခြေအနေအချို့တွင် အီလက်ထရွန်နစ်စနစ်ဖြင့် အမိန့်ပေးရန်အတွက် သင့်လျော်နိုင်ပါသည်။ တရားမျှတသောလုပ်ငန်းစဉ်ရရှိစေခြင်းအတွက် ဤရွေးချယ်မှုအား အသေအချာ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဥပမာအားဖြင့်၊ အီလက်ထရွန်နစ်စနစ်ဖြင့် ထုတ်ပြန်သည့်အမိန့်တစ်ခုသည် 'spam' တွင် ပျောက်ဆုံးသွားနိုင်သည်၊ လိမ်လည်မှု တစ်ခုအဖြစ် လျစ်လျူရှုခံရနိုင်သည်၊ ထို့အပြင် အင်တာနက်မသုံးပြုနိုင်သော ဖြေကြားသူများ၊ ထုံးတမ်းစဉ်လာနှင့် ဘာသာစကား မတူကွဲပြားနောက်ခံများမှ ဖြေကြားသူများ သို့မဟုတ် အခြားသိရှိနိုင်သည့် လိုအပ်ချက်ရှိသည့် ဖြေကြားသူများသည် ကြည့်ရှုနိုင်မည် မဟုတ်ပါ၊

အစမ္မလက်ထပ်စေခြင်းအမိန့်ကို သက်ဆိုင်ရာရဲဌာနက လိုက်နာစေပါမည် ဖြစ်ပါသည်။ သို့ရာတွင်၊ ပိုမိုကောင်းမွန်သော ကာကွယ်မှုများကို ပြည်နယ်နှင့်နယ်မြေရှိ အိမ်တွင်းနှင့် မိသားစုအကြမ်းဖက်မှု မူဘောင်များနှင့် ပေါင်းစပ်ထားပါက၊ နိုင်ငံတကာတရားစီရင်ပိုင်ခွင့်သည် ယေဘုယျအားဖြင့် ဩစတြေးလျနိုင်ငံ၏ အာဏာစက်အတွင်း ဖြစ်သောကြောင့် ခရီးသွားလာမှု ကန့်သတ်ချက်များနှင့် ဩစတြေးလျနိုင်ငံပြင်ပ ဆောင်ရွက်မှုများအတွက် အမိန့်ထုတ်ပြန်ရာတွင် နောက်ထပ် ထည့်သွင်းစဉ်းစား နိုင်ရန် လိုအပ်မည် ဖြစ်ပါသည်။ ဤသည်မှာ ဩစတြေးလျအစိုးရများ နောက်ထပ် ထည့်သွင်းစဉ်းစားနေသော သိသိထင်ရှားသည့် ခက်ခဲနက်နဲမှု ဖြစ်ပါသည်။

ဩစတြေးလျတရားစီရင်ပိုင်ခွင့်အာဏာအားလုံးတွင် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်များကို ချိုးဖောက်ခြင်းသည် ရာဇဝတ် ပြစ်ဒဏ် ရရှိနိုင်သည်။ အလားတူ၊ အစမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အစမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေး ချိုးဖောက်ခြင်းသည် ရာဇဝတ်မှုဖြစ်သည်။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

23. လူကိုယ်တိုင်ပေးရသည့် အမိန့်များ မလိုအပ်သည့် အခြေအနေများ (ဥပမာ အီလက်ထရွန်းနစ် ဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့်) ရှိပါသလား။ ရှိပါက ထိုအခြေအနေများက မည်သည်နည်း။

*အခြား ပြုပြင်ရေးများ*

အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးမည့် ပုံစံတစ်ခုတွင် ထည့်သွင်းစဉ်းစားနိုင်သော အခြားပြုပြင်ရေးများလည်း ရှိနိုင်ပါသည်။ ဥပမာအားဖြင့်၊ အဓမ္မလက်ထပ်စေခြင်းအား ဖျက်သိမ်းရန် ရှာဖွေနေသော အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူများအတွက် ချောမွေ့စေမည့်လုပ်ငန်းစဉ်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

24. တရားရေးဆိုင်ရာ ကာကွယ်ရေးအပြင် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်း ခံရနိုင်မည့်သူများအတွက် ထည့်သွင်းစဉ်းစားရမည့် ပြုပြင်ရေးများ ရှိပါသလား။
25. လက်ရှိတွင်၊ အဓမ္မလက်ထပ်စေခြင်း၏ ခံရသူ- ကျော်လွန်လာသူများသည် ၎င်းတို့၏ အဓမ္မလက်ထပ်မှုနှင့် စပ်လျဉ်း၍ ပျက်ပြယ်ကြောင်းကြေညာလိုသောအခါ အဟန့်အတားများ သို့မဟုတ် အခက်အခဲများနှင့် ရင်ဆိုင်ရပါသလား။ ရှိပါက ထိုအဟန့်အတားများ သို့မဟုတ် အခက်အခဲများကို မည်သို့ ဖြေရှင်းနိုင်မည်နည်း။

## ပံ့ပိုးမှုရှာဖွေရာတွင် အန္တရာယ်ရှိအချက်များနှင့် အဟန့် အတားများ

အဓမ္မလက်ထပ်စေခြင်းသည် မည်သည့် ရိုးရာထုံးတမ်းအုပ်စု၊ ဘာသာရေး သို့မဟုတ် လူမျိုးစုအတွက် သီးသန့်ဖြစ်သည် မဟုတ်ပါ။ သို့ရာတွင်၊ ဩစတြေးလျရှိ လူမှုအသိုင်းအဝိုင်းအချို့တွင် အဓမ္မလက်ထပ်စေခြင်းနှင့် ဆက်စပ်နိုင်သော အန္တရာယ်ရှိအချက်များရှိမှု ပိုများနိုင်သည်။ ၎င်းတို့တွင် မကြာသေးမီက ရွှေ့ပြောင်းလာခြင်း၊ ယာယီ သို့မဟုတ် မှီခို ဗီဇာအခြေအနေ၊ ဘာသာ အဟန့်အတားများ သို့မဟုတ် လူမှုအသိုင်းအဝိုင်းကူညီမှုနှင့် ကွန်ရက်များ မရှိခြင်းတို့ ပါဝင်သည်။

အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်း ခံရနိုင်မည့်သူများသည် အကူအညီရယူရန် အဟန့်အတားများကို ကြုံတွေ့ရနိုင်သည်။ အဟန့်အတားများတွင် လူမျိုးရေးခွဲခြားမှု ခွဲခြားဆက်ဆံမှု၊ ရိုးရာထုံးတမ်းစဉ်လာကို မထိခိုက်သော ဝန်ဆောင်မှုလုပ်ငန်းများ မရနိုင်ခြင်းနှင့်/သို့မဟုတ် အလွယ်တကူ တိုင်ကြားနိုင်သော လမ်းကြောင်းများမရှိခြင်းတို့ ပါဝင်နိုင်သည်။ မသန်မစွမ်းသူများသည် သင့်လျော်ပြီး အန္တရာယ်ကင်းသော ပံ့ပိုးဝန်ဆောင်မှုလုပ်ငန်းများနှင့် ကွန်ရက်များရယူရန် အကန့်အသတ်များအပါအဝင် ထပ်ဆောင်း အန္တရာယ်ရှိနိုင်သည်များလည်း ကြုံတွေ့နိုင်သည်။

အဓမ္မလက်ထပ်စေခြင်း၏ ရှုပ်ထွေးသော မိသားစု၊ ရိုးရာထုံးတမ်းနှင့်လူမှုရေးအတိုင်းအတာများသည်လည်း ပံ့ပိုးမှုရှာဖွေရန် အဟန့်အတားတစ်ခု ဖြစ်နိုင်ပါသည်။ ဥပမာအားဖြင့်၊ လူငယ်တစ်ဦးသည် မိသားစုဝင် သို့မဟုတ် လူမှုအသိုင်းအဝိုင်းဝင်တစ်ဦးအကြောင်း ပြောဆိုရန် အဆင်မပြေနိုင်ပေ။

တရားရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းသည် မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းအတွက် ရက်စရာခံစားချက်ကို ဖြစ်စေနိုင်ပြီး ပံ့ပိုးမှုရှာဖွေနေသူအတွက် အန္တရာယ်များ တိုးမြင့်လာနိုင်သည်။ အကယ်၍ လူတစ်ဦးသည် အဓမ္မလက်ထပ်စေခြင်းအတွက် ဥပဒေကာကွယ်မှုများကို ရယူသုံးစွဲပါက သက်ဆိုင်ရာ အန္တရာယ်များကို သေချာစွာ ထည့်သွင်းစဉ်းစားပြီး လျော့ပါးစေသင့်သည်၊ ထို့အပြင် ကာကွယ်မှုရှာဖွေနေသူတွက် သင့်လျော်သော ပံ့ပိုးမှုများရှိထားရန် အရေးကြီးပါသည်။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

26. အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူများအတွက် ပံ့ပိုးမှုရှာဖွေရာတွင် အန္တရာယ်များနှင့် အဟန့်အတားများကား မည်သည်နည်း။ ဤသည်တို့ကို ဖြေရှင်းရန် မည်သို့သော စီမံချက်များ စဉ်းစားနိုင်မည်နည်း။

27. တရားရေးစနစ်ဖြင့် ကာကွယ်မှု ရယူပါက လူတစ်ဦးသည် မည်သို့ အန္တရာယ်များနှင့် အဟန့်အတားများ ရင်ဆိုင်ရနိုင်မည်နည်း။ ဤသည်တို့ကို မည်သို့ လျော့ပါးစေမည်နည်း။

28. ပံ့ပိုးမှုနှင့် တရားရေးစနစ်များကို ရယူခြင်းသည် အဓမ္မလက်ထပ်စေခြင်း ကြုံတွေ့နေရသူများအတွက် အန္တရာယ်များ တိုးစေနိုင်ပါသည်။ လူတစ်ဦးသည် အဓမ္မလက်ထပ်ရမည့်အန္တရာယ်ရှိနိုင်သည့်အခါ ပထမဆုံးကြားသိရသူများ သို့မဟုတ် ဥပဒေရေးရာဝန်ဆောင်မှုလုပ်ငန်းများမှ မလုပ်သင့်သည့် ဆောင်ရွက်ချက်များ ရှိပါသလား။

## ကလေးများအား ပံ့ပိုးခြင်း

AFP အစီရင်ခံစာအရ ၂၀၁၇ခုနှစ် ဇူလိုင်လ ၁ ရက်မှ ၂၀၂၂ခုနှစ် ဇွန်လ ၃၀ရက်နေ့အထိ AFP သို့ အဓမ္မလက်ထပ်စေခြင်း တိုင်ကြားချက်များ၏ ၅၆% သည် အသက် ၁၈နှစ်အောက်များ ဖြစ်ပြီး ၃၁% မှာ ၁၆နှစ်အောက်များဖြစ်ပါသည်။

ကလေးများအတွက် လက်ရှိကာကွယ်မှုများကို ပြည်နယ်နှင့် နယ်မြေ ကလေးသူငယ်အကာအကွယ်ပေးရေး မူဘောင်များနှင့် မိသားစု အက်ဥပဒေ ၁၉၇၅ (Cth) တွင် ဖတ်ရှုနိုင်ပါသည်။ ဥပမာအားဖြင့်၊ မိသားစုဥပဒေအက်ဥပဒေသည် ကလေးသူငယ်များ၏ ကျန်းမာပျော်ရွှင်ရေးသေချာစေရန် တရားရုံးက သင့်လျော်သည်ဟု ယူဆပါက၊ မည်သူ့ကိုမဆို တားမြစ်ချက်များထုတ်ပြန်ခြင်းနှင့် ကလေးသူငယ်များအား ဩစတြေးလျနိုင်ငံမှ ခေါ်ထုတ်မသွားစေရန် ၎င်းတို့ကို လေဆိပ်စောင့်ကြည့်စာရင်းတွင် ထည့်သွင်းထားခြင်း အပါအဝင် ကလေးများအား အကာအကွယ်ပေးရန် တားမြစ်ချက်များ ပြုလုပ်ရန် ခွင့်ပြုထားသည်။

သို့ရာတွင်၊ အဓမ္မလက်ထပ်စေခြင်းကို ရှောင်ရှားလိုသော သို့မဟုတ် ရပ်စဲလိုသော ကလေးများအတွက် သီးခြားပံ့ပိုးမှုနှင့် ရနိုင်နိုင်မှု လိုအပ်ချက်ကို ထပ်လောင်းထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဥပမာအားဖြင့်၊ ၎င်းတွင် အဓမ္မလက်ထပ်စေခြင်း ဖြစ်နိုင်ခြေရှိသော ကလေးများသည် တရားရုံးစာရွက်စာတမ်းများနှင့် လျှောက်လွှာများကို ရယူရန် လိုအပ်နိုင်သည့်အပြင် သင့်လျော်သော တရားရုံးကာကွယ်မှုများကိုပါ ထည့်သွင်းစဉ်းစားခြင်းလည်း ပါဝင်နိုင်ပါသည်။

**ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများ**

29. အဆိုပြုထားသော တရားရေးဆိုင်ရာကာကွယ်ရေးများကို ကလေးများ ရနိုင်ရန်နှင့် လျှောက်လွှာတင်ခြင်း၊ တရားရုံးနှင့် အခြားတရားရေးဆိုင်ရာလုပ်ငန်းစဉ်များမှတစ်ဆင့် ၎င်းတို့အား ကူညီပေးရန် မည်သည့် ထပ်လောင်းပံ့ပိုးမှုများနှင့် ကာကွယ်မှုများကို ထည့်သွင်းစဉ်းစားနိုင်မည်နည်း။

## နိဂုံး

ဤတိုင်ပင်ဆွေးနွေးမှုမှတစ်ဆင့် ရရှိလာသော အကြံပြုချက်များသည် အဓမ္မလက်ထပ်စေခြင်းဆိုင်ရာ ကာကွယ်ရေးများနှင့် ပြုပြင်ရေးများကို မြှင့်တင်ပေးမည့် ပုံစံတည်ဆောက်မည့် ဩစတြေးလျအစိုးရ၏ ဆောင်ရွက်မှုအားလုံးထံ ပို့ဆောင်ပေးမည် ဖြစ်ပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး တရားစီရင်ပိုင်ခွင့်အာဏာပိုင်များအားလုံးမှ ဆက်လက် ထည့်သွင်းစဉ်းစားပြီး ဆုံးဖြတ်ချက်များကို ချမှတ်ပါမည်။

သင့်တွင် မေးခွန်းများ သို့မဟုတ် ထပ်လောင်းမှတ်ချက်များ ရှိပါက ရှေ့နေချုပ်ဌာနသို့ ForcedMarriage@ag.gov.au မှ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ညှိနှိုင်းတိုင်ပင်မှုအတွက် မေးခွန်းများပေါင်းချုပ်

*ညှိနှိုင်းဆွေးနွေးရန် အဆိုပြုချက်*

1. အစမ္မလက်ထပ်စေခြင်းအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တသမတ်တည်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရန် ဤထိရောက်သောရွေးချယ်စရာများက ဖြစ်စေပါသလား။ ထည့်သွင်းစဉ်းစားသင့်သော အခြားရွေးချယ်စရာများ ရှိပါသလား။

အပိုင်း ၁: အစမ္မလက်ထပ်စေခြင်းအား မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံတစ်ခုအဖြစ် မျှဝေနားလည်မှုတည်ဆောက်ခြင်းဖြင့် ခံရသူ-ကျော်လွှန်လာသူများအတွက် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဝန်ဆောင်မှုလုပ်ငန်းများရရှိနိုင်ခွင့် တိုးတက်စေခြင်း

2. အစမ္မလက်ထပ်စေခြင်းကို မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံအဖြစ် အသိအမှတ် ပြုသင့်ပါသလား။ ဘာကြောင့်လဲ။
3. အစမ္မလက်ထပ်စေခြင်းကို မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုပုံစံအဖြစ် ပိုမိုကောင်းမွန်စွာ အသိအမှတ်ပြုရန် မည်သည့် တရားရေး၊ မူဝါဒ အပြောင်းအလဲများ သို့မဟုတ် နောက်ထပ်လမ်းညွှန်မှုများ လိုအပ်ပါသလဲ။
4. မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု ဝန်ဆောင်မှုလုပ်ငန်းများသည် အစမ္မလက်ထပ်စေခြင်းကို မိသားစုနှင့်အိမ်တွင်းအကြမ်းဖက်မှုပုံစံအဖြစ် ပိုမို၍ တသမတ်တည်း အသိအမှတ်ပြုရန် မည်ကဲ့သို့ မြှင့်တင်မှုများ သို့မဟုတ် နောက်ထပ်လမ်းညွှန်မှုများ လိုအပ်နိုင်မလဲ။

*အပိုင်း ၂- ပညာရေးနှင့် အသိအမြင် မြှင့်တင်ရေး*

5. ပညာရေး သို့မဟုတ် အသိအမြင်မြှင့်တင်ရေး ဆောင်ရွက်ချက်များသည် မည်သည့်အကြောင်းအရာများကို အဓိကထားရမည်နည်း။
6. အစမ္မလက်ထပ်စေခြင်းဒဏ်ခံရသော လူမှုအသိုင်းအဝိုင်းများရှိ ပညာရေးနှင့် အသိအမြင်တိုးပွားမှုပညာပေးမှုတွင် မည်သူ ပါဝင်သင့်သနည်း။
7. အစမ္မလက်ထပ်စေခြင်းဆိုင်ရာ အသိပညာနှင့် အသိအမြင်တိုးပွားမှုကို လူမှုအသိုင်းအဝိုင်းအတွင်းရှိ မည်သည့်အုပ်စုများ လိုအပ်မည်နည်း (ဥပမာ - ရဲများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်/သို့မဟုတ် လူမှုအသိုင်းအဝိုင်းအတွင်းရှိ သီးခြားအုပ်စုများ)။

အပိုင်း ၃ – တရားရေးဆိုင်ရာ ကာကွယ်ရေးနှင့် ပြုပြင်ရေးများ မြှင့်တင်ပေးခြင်း

*တုံ့ပြန်ချက်အတွက် အဆိုပြုချက်*

8. ဩစတြေးလျတွင် အစမ္မလက်ထပ်စေခြင်းကို တုံ့ပြန်ရန်နှင့် တားဆီးရန် လက်ရှိ တရားဝင်ကာကွယ်မှုများတွင် ကွာဟချက်ရှိသည်ဟု သင်ထင်ပါသလား။ ထင်ပါက ဤကွာဟချက်များသည် အဘယ်နည်း
9. ဤစာတမ်းတွင် တရားရေးဆိုင်ရာ ဥပဒေ အကာအကွယ်များ ခိုင်မာစေရန်အတွက် ရွေးချယ်စရာနှစ်ခုကို ဆွေးနွေးထားပါသည်။ ရွေးချယ်မှု အေ (ရှိပြီးသားဥပဒေများကို မျှဝေထားသောမူများအားဖြင့် ဖြစ်နိုင်သည်) နှင့် ရွေးချယ်မှု ဘီ (သီးသန့်နိုင်ငံတော်ဥပဒေများကို မိတ်ဆက်)။ ဤအကောင်အထည်ဖော်မှုရွေးချယ်စရာနှစ်ခုထဲမှ မည်သည့်အရာသည် အထိရောက်ဆုံး ဖြစ်ပါသနည်း၊ အဘယ်ကြောင့်နည်း။ အဓိက အန္တရာယ်တွေက ဘာတွေ ဖြစ်ပါလဲ။ ထည့်သွင်းစဉ်းစားသင့်သော အခြားရွေးချယ်စရာများ ရှိပါသလား။
10. ရွေးချယ်ခွင့်အေအောက်တွင် အစမ္မလက်ထပ်စေခြင်း တရားရေးဆိုင်ရာ ကာကွယ်ရေးများကို အားကောင်းစေရန် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ မူဘောင်များအစား တရားရေးဆိုင်ရာကာကွယ်ရေးမူဘောင်များ ရှိပါသလား။

အမိန့်စာများအတွက် အကြောင်းပြချက်များ

11. အဓမ္မလက်ထပ်စေခြင်းနှင့် ဆက်စပ်နေသော မည်သည့်အထောက်အထားများ သို့မဟုတ် အခြားလုပ်ဆောင်မှုများ၊ အန္တရာယ်များ သို့မဟုတ် ထိခိုက်နစ်နာမှုများကို အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့် တစ်ရပ် ချမှတ်ရာတွင် အကြောင်းရင်းအဖြစ် ထည့်သွင်းစဉ်းစားသင့်ပါသလဲ။

အမိန့်စာများ၏ အတိုင်းအတာ

12. အထက်ဖော်ပြပါ အဆိုပြုထားသော အကာအကွယ်များသည် ကလေးသူငယ်များအပါအဝင် လူများကြုံတွေ့နေရသည့် အဖြစ်အများဆုံးနှင့် သိသာထင်ရှားသော အန္တရာယ်များနှင့် အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ပါသလား။ မဟုတ်ပါက အခြားမည်သည့်အရာများကို ဖြေရှင်းရမည်နည်း။

13. ထည့်သွင်းစဉ်းစားသင့်သော အဆိုပြုထားသော ကာကွယ်မှုများ၏ အခြားအန္တရာယ်များ သို့မဟုတ် မလိုလားအပ်သော အကျိုးဆက်များ ရှိပါသလား။

*လျှောက်ထားသူများ*

14. အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေးအမိန့်ကို လျှောက်ထားနိုင်သည့် နောက်ထပ်လူများ သို့မဟုတ် အဖွဲ့အစည်းများရှိပါသလား။ ရှိပါက ဘယ်သူလဲ၊ ဘာကြောင့်လဲ။

15. ကာကွယ်ရေးအမိန့်တစ်ခုအတွက် သီးခြားလူတစ်ဦးချင်းစီ သို့မဟုတ် အဖွဲ့အစည်းများကို လျှောက်ထားနိုင်ခွင့်ပေးခြင်းနှင့် ဆက်စပ်သည့် အန္တရာယ်များရှိပါသလား။ ရှိပါက ဤအန္တရာယ်များသည် မည်ကဲ့သို့ လျော့ပါးသွားမည်နည်း။

ဖြေကြားသူများ

16. အဓမ္မလက်ထပ်စေခြင်း တရားရေးဆိုင်ရာ ကာကွယ်ရေးများအတွက် ဖြေကြားမည့်သူအပေါ် ကန့်သတ်ချက်များ ရှိသင့်ပါသလား။ ရှိပါက ၎င်းတို့ကို မည်သို့သတ်မှတ်သင့်သည် (ဥပမာ မိသားစုဝင်များသာ)။

ခံရသူ-ကျော်လွန်လာသူ အေဂျင်စီ

17. အမိန့်ပယ်ဖျက်ရန် အတင်းအကျပ် ဖိအားပေးခံရခြင်းကြောင့် ခံရသူ-ကျော်လွန်လာသူများ၏ အန္တရာယ်ကို မည်သို့ဖြေရှင်းနိုင်မည်နည်း။

18. အဓမ္မလက်ထပ်စေခြင်းအတွက် တရားရေးဆိုင်ရာ ကာကွယ်ရေး ကြားနာခြင်းနှင့် အမိန့်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွင် ကလေးသူငယ်များအပါအဝင် ခံရသူ-ကျော်လွန်လာသူများ၏ အမြင်များကို မည်သို့ အကောင်းဆုံး ရှာဖွေထည့်သွင်းနိုင်မည်နည်း။

တရားစီရင်ရေးဆိုင်ရာ အကာအကွယ်များနှင့် တရားဥပဒေ လုပ်ငန်းစဉ်များမှတဆင့် အကူအညီများ

19. တရားရေးဆိုင်ရာ ကာကွယ်မှုလျှောက်ထားစဉ် ပံ့ပိုးမှုပေးရာတွင် ကလေးသူငယ်များအပါအဝင် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် အခြားမည်သည့် အထောက်အပံ့များ ရှိသင့်သနည်း။ ဥပမာအားဖြင့်၊ လျှောက်လွှာတင်ခြင်းရာတွင် အပိုဆောင်းပံ့ပိုးမှုများ သို့မဟုတ် တရားခွင်အတွင်း အပိုဆောင်းကာကွယ်မှုများ။

ကြားဖြတ်အမိန့်နှင့် အခြားဘက်မပါသော ကြားနာပွဲများ

20. အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် ကြားဖြတ်အမိန့်ချမှတ်ရာတွင် မည်သည့် သက်ဆိုင်သော အကြောင်းရင်းများ ရှိသင့်ပါသနည်း။

21. ကြားဖြတ်အမိန့်စာများတွင် အဆိုပြုထားသည့် အမိန့်စာများ၏ အတိုင်းအတာအားလုံး မပါစေကာမူ၊ အချို့ပါဝင်နိုင်ရန် ကန့်သတ်ထားသင့်ပါသလား(အမိန့်စာများ၏ အတိုင်းအတာပါအတိုင်း)။ သို့ပါက မည်သည့် ကာကွယ်မှုများ ပါဝင်သင့်သည် သို့မဟုတ် ဖယ်ထုတ်သင့်ပါသလဲ၊ အဘယ်ကြောင့်နည်း။

22. အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများအတွက် ကြားဖြတ်အမိန့်၏ အကြောင်းရင်းကို စဉ်းစားသည့်အခါ အဓမ္မလက်ထပ်စေခြင်း၏အန္တရာယ်ကို ညွှန်ပြနိုင်သည့်အပြင် ရဲတပ်ဖွဲ့က ထည့်သွင်းစဉ်းစားမည့် အထောက်အထားမျိုးက အဘယ်နည်း။

*ဝန်ဆောင်မှုလုပ်ငန်း၊ ဥပဒေတည်မြဲရေး နှင့် ဥပဒေချိုးဖောက်မှုများ*

23. လူကိုယ်တိုင်ပေးရသည့် အမိန့်များ မလိုအပ်သည့် အခြေအနေများ (ဥပမာ အီလက်ထရွန်းနစ် ဝန်ဆောင်မှုလုပ်ငန်းမှ တစ်ဆင့်) ရှိပါသလား။ ရှိပါက ထိုအခြေအနေများက မည်သည်နည်း။

အခြား ပြုပြင်ရေးများ

24. တရားရေးဆိုင်ရာ ကာကွယ်ရေးအပြင် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများ အတွက် ထည့်သွင်းစဉ်းစားရမည့် ပြုပြင်ရေးများ ရှိပါသလား။

25. လက်ရှိတွင်၊ အဓမ္မလက်ထပ်စေခြင်း၏ ခံရသူ- ကျော်လွန်လာသူများသည် ၎င်းတို့၏ အဓမ္မလက်ထပ်မှုနှင့် စပ်လျဉ်း၍ ပျက်ပြယ်ကြောင်းကြေညာလိုသောအခါ အဟန့် အတားများ သို့မဟုတ် အခက်အခဲများနှင့် ရင်ဆိုင်ရပါသလား။ ရှိပါက ထိုအဟန့်အတားများ သို့မဟုတ် အခက်အခဲများကို မည်သို့ ဖြေရှင်းနိုင်မည်နည်း။

*ပံ့ပိုးမှုရှာဖွေရာတွင် အန္တရာယ်ရှိနိုင်သည်များ* နှင့် *အဟန့်အတားများ*

26. အဓမ္မလက်ထပ်ခြင်းခံရနိုင်မည့်သူများ သို့မဟုတ် အဓမ္မလက်ထပ်ခြင်းခံခဲ့ရသူများအတွက် ပံ့ပိုးမှုရှာဖွေရာတွင် အန္တရာယ်များနှင့် အဟန့်အတားများကား မည်သည်နည်း။ ဤသည်တို့ကို ဖြေရှင်းရန် မည်သို့သော စီမံချက်များ စဉ်းစားနိုင်မည်နည်း။

27. တရားရေးစနစ်ဖြင့် ကာကွယ်မှု ရယူပါက လူတစ်ဦးသည် မည်သို့ အန္တရာယ်များနှင့် အဟန့်အတားများ ရင်ဆိုင် ရနိုင်မည်နည်း။ ဤသည်တို့ကို မည်သို့ လျော့ပါးစေမည်နည်း။

28. ပံ့ပိုးမှုနှင့် တရားရေးစနစ်များကို ရယူခြင်းသည် အဓမ္မလက်ထပ်စေခြင်း ကြုံတွေ့နေရသူများအတွက် အန္တရာယ်များ တိုးစေနိုင်ပါသည်။ လူတစ်ဦးသည် အဓမ္မလက်ထပ်ရမည့်အန္တရာယ်ရှိနိုင်သည့်အခါ ပထမဆုံးကြားသိရသူများ သို့မဟုတ် ဥပဒေရေးရာဝန်ဆောင်မှုလုပ်ငန်းများမှ မလုပ်သင့်သည့် ဆောင်ရွက်ချက်များ ရှိပါသလား။

ကလေးများအား ပံ့ပိုးခြင်း

29. အဆိုပြုထားသော တရားရေးဆိုင်ရာကာကွယ်ရေးများကို ကလေးများ ရနိုင်ရန်နှင့် လျှောက်လွှာတင်ခြင်း၊ တရားရုံးနှင့် အခြားတရားရေးဆိုင်ရာလုပ်ငန်းစဉ်များမှတစ်ဆင့် ၎င်းတို့အား ကူညီပေးရန် မည်သည့် ထပ်လောင်းပံ့ပိုးမှုများနှင့် ကာကွယ်မှုများကို ထည့်သွင်းစဉ်းစားနိုင်မည်နည်း။